ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 29 November 2022 ၁၀၉၃၄

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိ(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တပ်မတော်သားတိုင်းအနေဖြင့် မိမိတို့ တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို မှန်မှန်ကန်ကန်နှင့် ကျေပွန်အောင်ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်ကို ကာကွယ်နေခြင်းပင်ဖြစ်ပြီး မိမိကိုယ်ကို လေ့ကျင့်နေခြင်းပင်ဖြစ်

## တပ်မတော်သားပီသစွာနေထိုင်ကြရန်နှင့် မိမိတို့ဘဝတိုးတက်ရေးအတွက် မိမိတို့အရည်အချင်းကို မြှင့်တင်

နေပြည်တော် နိုဝင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ် သီဟသူရကျောင်စံ ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

**နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်တွင်ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့် အခြေအနေများ၊ ခေတ်အဆက်ဆက် အုပ်ချုပ်ပုံစနစ်များ ပြောင်းလဲခဲ့မှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဦးစွာ ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

ယနေ့ ဖတ်စရာ

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်တတိယသုံးလအတွင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၆၀ ဒသမ ၈ သန်းရှိလာ စာမျက်နှာ » ၁၃

ထိပ်တန်းသို့ရောက်လိုသူ၏ စိတ်ထား စာမျက်နှာ » ၁၈

ခေါင်းဆောင်ကောင်းဖြစ်ချင်သလား စာမျက်နှာ » ၁၉



ပြင်ဦးလွင် ထောပတ်သီးဈေးကွက် စာမျက်နှာ » ၂၀

ကြေးမုံ

# ကူးစက်ရောဂါကြိုတင်ကာကွယ် တစ်ကိုယ်ရေကျန်းမာရေးဦးစားပေး

ကိုဗစ်-၁၉ ရောဂါမျိုးကွဲသစ်များသည် ကမ္ဘာ့နိုင်ငံအချို့တွင် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာပေါ်တွင် လုံးဝပျောက်ကွယ်သွားခြင်း မရှိသေးဘဲ လူတို့၏ ကျန်းမာရေးသတိမမူပြုမူနေထိုင်မှုနှင့် ပတ်ဝန်းကျင်အခြေအနေများအပေါ်မူတည်၍ ဆက်လက်ဖြစ်ပွားနေသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါလှိုင်းအမျိုးမျိုးကို ကာကွယ်ကုသဖြတ်ကျော်လာနိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့်ကာလများတွင် ရောဂါကူးစက်မှုများ ပြန်လည်မြင့်မားလာသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်လာခဲ့ပြီး နိုင်ငံတော်အစိုးရ၏ အလေးထားဆောင်ရွက်ပေးမှု၊ ရောဂါကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုးနှံမှုကို ဦးစားပေးအုပ်စုအလိုက် တစ်နိုင်ငံလုံး လွှမ်းခြုံထိုးနှံပေးနိုင်မှု၊ ပြည်သူများ၏ အသိစိတ်ဓာတ်ရှိစွာဖြင့် နိုးနိုးကြားကြား ပါဝင်ဆောင်ရွက်မှုများကြောင့် ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်သည့် အဆင့်သို့ရောက်ရှိနေပြီဟု ဆိုရမည်ဖြစ်သည်။ ယခုလဆန်းပိုင်းက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အတည်ပြုလူနာသစ် ရာဂဏန်းဝန်းကျင်ရှိခဲ့ရာမှ တဖြည်းဖြည်း ပြန်လည်လျော့ကျလာပြီး နိုဝင်ဘာလ ၂၄ ရက်တွင် ၂၂ ဦး၊ နိုဝင်ဘာလ ၂၅ ရက်တွင် ၁၉ ဦး၊ နိုဝင်ဘာလ ၂၆ ရက်တွင် ၂၀၊ နိုဝင်ဘာလ ၂၇ ရက်တွင် ၁၀ ဦးဖြင့် ရောဂါကူးစက်မှု သိသာစွာကျဆင်းလာသည်ကိုတွေ့ရသည်။

ယခုအခါတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံး၌ ဖြစ်ပွား၊ သေဆုံးနှုန်းများ လျော့နည်းကျဆင်းလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ၃၆ ရက်အတွင်း ဆက်တိုက်နှစ်ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိသည်ကို တွေ့ရသည်။ ဆေးပညာသုတေသနတွေ့ရှိချက်များအရ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်း တွေ့ရသည်။

ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးကို အလေးထားဆောင်ရွက်ပေးခဲ့ပြီး ပြည်သူများက အသိတရားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် ရောဂါကူးစက်ဖြစ်ပွားမှုများသိသာစွာ လျော့ကျလာသော်လည်း ရောဂါကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်မလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲ၍ နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းဖြင့် လိုက်နာဆောင်ရွက်သင့်ပါသည်။ ယင်းမှာ ရောဂါကာကွယ်ရေးနည်းလမ်းများနှင့် တစ်ကိုယ်ရေကျန်းမာရေးကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ကြရန်ဖြစ်သည်။ အသက်(၅)နှစ်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနက အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး ခြောက်လပြည့်ပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန်လိုအပ်သည်။

အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရောက်ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ထားကြရန်လိုအပ်သည်။ လက်ကို ဆပ်ပြာ၊ ရေသို့မဟုတ် အယ်လ်ကိုဟောပါဝင်သည့် လက်သန့်စင်ဆေးရည်ဖြင့် စက္ကန့် ၂၀ ကြာ မကြာခဏဆေးကြောပေးသင့်သည်။ လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊ တတ်နိုင်သမျှ လူစုလူဝေးကို ရှောင်ကြဉ်ရန်၊ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်မထားချိန်တွင် ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါရန် တိုက်တွန်းအပ်ပါသည်။ အထက်ပါအလေ့အထများသည် ရောဂါကာကွယ်ရေးအတွက် အစဉ်အမြဲလုပ်ဆောင်ရမည့် အချက်များဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ လျော့နည်းကျဆင်းသွား၍ မပေါ့ပေါ့မိရန်သတိပြုရမည်ဖြစ်သည်။

ယခုအခါ ကူးစက်ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းလာသဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို မေ့လျော့မထားဘဲ ဆက်လက်လုပ်ဆောင်ကြရန်နှင့် ပြည်သူများအနေဖြင့် ကျန်းမာကြံ့ခိုင်သော နေထိုင်မှုဘဝများကို ရရှိပိုင်ဆိုင်နိုင်ရန် ရောဂါကာကွယ်ရေးနည်းလမ်းများအပြင် နေ့စဉ်ပုံမှန်လမ်းလျှောက်သည့် အလေ့အထကောင်းများကို တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အစုအဖွဲ့အနေဖြင့်လည်းကောင်း ပုံမှန်လုပ်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## "ငှက်မင်းသားဝမ်းဖြူ" ငှက်ပုံ ၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်




နေပြည်တော် နိုဝင်ဘာ ၂၈

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာကျက်စားသည့် ဒေသရင်းငှက်မျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် မြန်မာ့ဒေသရင်း "ငှက်မင်းသားဝမ်းဖြူ" ငှက်ပုံ ၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဒီဇင်ဘာ ၂ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဘားအံမြို့နယ် ထောင်ဝိဆီထွက်သီးနှံကုန်ထုတ်လမ်းတံတား ကွင်းဆင်းစစ်ဆေး

ဘားအံ နိုဝင်ဘာ ၂၈

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၅၁၅ သန်းဖြင့် ဘားအံမြို့နယ် ထောင်ဝိဆီထွက်သီးနှံ ကုန်ထုတ်လမ်းတံတား ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်နှင့် တာဝန်ရှိသူများက သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ၊ မရှိ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်းမှာ အရှည် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေနှင့် ဒု ၃ ပေ ၉ လက်မရှိ မြေသားဂဝံခင်းခြင်း လုပ်ငန်းဖြစ်ပြီး ယင်းလမ်းပေါ်တွင် Box Culvert တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို အောက်တိုဘာလ ပထမပတ်မှစတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်း မြေပြင်တွင် အမှန်တကယ်လိုအပ်နေသော ကျေးလက်နေပြည်သူများအတွက် ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထောင်ဝိဆီထွက်သီးနှံ ကုန်ထုတ်လမ်းတံတား ဆောင်ရွက်ပြီးစီးမှုကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားလာရေးအဆင်ပြေကာ ကျေးရွာနေပြည်သူများ၏ လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်အတွင်းသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**မင်းမြင့်မိုရ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၈ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၉,၂၀၀ | ၆၀၉ | ၅,၃၉၉,၂၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၅၁၃ | ၁,၇၁၈,၅၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁၉,၅၀၀ | ၁၉,၀၀၀ | ၈၂၄ | ၁၆,၀၆၅,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၂ | ၅,၄၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၂၅၀ | ၆၅၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၅၄ | ၇၅၄,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၂၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၉၃.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၁.၉၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၀၆၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၈.၇၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၂၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၇.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၂၈.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၂၃.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၇.၃၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ လုံခြုံရေးနှင့် တရားဥပဒေရေးအရ တည်ငြိမ်အေးချမ်းရန်လိုအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် လက်ရှိအချိန်တွင် တပ်မတော်မှ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထမ်းဆောင်ရလျက်ရှိပြီး ပြည်တွင်းစီးပွားရေးကို အားပေးဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံ့စီးပွားရေးသည် ထိုက်သင့်သလောက် တိုးတက်လာပြီဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရတည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန်လိုအပ်ကြောင်း၊ အလားတူ ဥပဒေအရ တည်ငြိမ်ရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများကိုလည်း အမြဲမပြတ်ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များ ပပျောက်လျော့နည်းစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ပြင်ပမှဝယ်ယူစားသောက်ရမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးခြင်း၊ အထက်အောက်ရှိသလေးစားမှုရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် အသိပညာဗဟုသုတများရရှိစေမည့် ဆွေးနွေးပွဲ၊ ဟောပြောပွဲများပြုလုပ်ပေးခြင်းကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အထက်အောက် သံယောဇဉ်တရားများဖြစ်ပေါ်လာပြီး တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာစေနိုင်ကြောင်း။

### ပညာရေးအားပေးဆောင်ရွက်

တပ်မတော်သားများအနေဖြင့် မိမိကိုယ်တိုင် စာပေလေ့လာဖတ်မှတ်ရန် လိုအပ်သကဲ့သို့ မိမိတို့၏ မျိုးဆက်သစ်သားသမီးများ၏ ပညာရေးကိုလည်း ကောင်းမွန်သည့် လက်ဆင့်ကမ်းအမွေပေးနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးချင်း၏ အရည်အသွေးမြှင့်တင်ရေးနှင့် ဘဝတိုးတက်ရေးအတွက် စစ်သားကောင်းပီသစွာဖြင့် စည်းကမ်းနှင့်အညီနေထိုင်ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ အသိပညာတိုးတက်ရေးအတွက် စာပေဖတ်ရှုခြင်း၊ ဆွေးနွေးပွဲများတွင် အသိပညာဖလှယ်ခြင်းနှင့် နားထောင်ခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာဖတ်ရှုမှတ်သားခြင်းမှာ မည်သည့်အခါမျှ ပြီးဆုံးသည်ဟူ၍ မရှိကြောင်း၊ အတန်းပညာမြင့်မားရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ရန်လိုပြီး စာပေများကိုဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတများ များစွာရရှိလာမည်ဖြစ်သဖြင့် စာပေဖတ်ရှုလေ့လာကြရန်လိုကြောင်း၊ တပ်မတော်သားများ၏ သားသမီးများ ပညာရည်မြင့်မားရေးအတွက် တပ်မတော်မှ အားပေးဆောင်ရွက်လျက်ရှိသဖြင့် မိမိတို့၏ သား၊ သမီးများ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း။

တပ်မတော်သည် စည်းကမ်းတကျဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်နှင့်အညီ ရှိရင်းစွဲအရည်အချင်းများကို အမြဲတမ်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် အလေးအနက်ထားဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်သား ပီသစွာနေထိုင်ကြရန်နှင့် မိမိတို့ဘဝတိုးတက်ရေးအတွက် မိမိတို့အရည်အချင်းကို မြှင့်တင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့တစ်ဦးချင်း အရည်အချင်းများကို မြှင့်တင်ဆောင်ရွက်ပြီး မိမိတို့ကျရာတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခြင်းအားဖြင့် နိုင်ငံတော်တာဝန်များကို အောင်မြင်စွာထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

### တပ်တွင်းစည်းလုံးညီညွတ်ရေး ခိုင်မာအောင်တည်ဆောက်

တပ်မတော်သားများအနေဖြင့် စည်းကမ်းတကျဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်တည်ဆောက်ရေးလုပ်ငန်းများကို ထမ်းဆောင်နေရသူများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် စနစ်တကျဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ရှေ့တန်းတာဝန်ထမ်းဆောင်နေရသူများ အနေဖြင့်လည်း ရဲဝံ့စွန့်စားစွာဖြင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် မိမိတို့မှ စိတ်ဓာတ်ခွန်အားကောင်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတိုင်းအနေဖြင့် မိမိတို့တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို မှန်မှန်ကန်ကန်နှင့် ကျေပွန်အောင် ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်ကို ကာကွယ်နေခြင်းပင်ဖြစ်ပြီး မိမိကိုယ်ကို လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်း ရသင့်ရထိုက်သည့် အခွင့်အရေးများ၊ ရပိုင်ခွင့်များအားလုံး ပြည့်ဝစွာရရှိရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စစ်ဆင်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ စိတ်ဓာတ်ခွန်အားရရှိရေးအတွက်လည်း အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

### စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ နယ်မြေခံတပ်မဌာနချုပ်မှူး၏ ဇနီးကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မကွေးတပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

# မကွေးတိုင်းဒေသကြီးအနေဖြင့် စားသုံးဆီနှင့် ချည်ထည်ပစ္စည်း အများဆုံးထုတ်လုပ်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်အောင် ကြိုးပမ်း ဒေသထွက်ကုန်ကြမ်းကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လို

**နေပြည်တော် နိုဝင်ဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မကွေးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

## စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အသေးစားစက်မှုဇုန် အကောင်အထည်ဖော်ရန် ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများ ပြန်လည်ပေးသွင်းလျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကူညီပံ့ပိုးမှုများနှင့် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် ဆီစက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဖိုးနီ၊ ရက်ကန်းလုပ်ငန်းရှင် ဒေါ်တင်ငွေ၊ သဘာဝ စလေဆီးနှင့် မန်ကျည်းအနှစ်ဖျော်ရည်လုပ်ငန်းရှင် ဒေါ်သက်စုငွေ၊ ဆီစက်လုပ်ငန်းရှင် ဦးဝင်းထွန်း၊ သောက်ရေသန့်နှင့် ဆီစက်လုပ်ငန်းရှင် ဦးမောင်မောင်လွင်နှင့် တက်ရောက်လာကြသူများက မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံစိုက်ပျိုးမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပြီး ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည့် သွင်းအားစုများနှင့် နည်းပညာများ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသထွက်ကုန်များကို အသုံးပြုဆောင်ရွက်လျက်ရှိသည့် စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးစေလိုမှု၊ ဆန်စက်လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ပြည်တွင်း၌ မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။

## ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းတို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ စီးပွားရေးကျဆင်းခဲ့ရမှု၊ ကိုဗစ်-၁၉ အပါအဝင် နိုင်ငံရေးအကျပ်အတည်းများကြားမှ နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ်-၁၉ ချေးငွေများထုတ်ချေးပေးထားမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)များ ဖွံ့ဖြိုးရေးအတွက် အားပေးဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များ စုဖွဲ့၍ လိုအပ်သည့်စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြောကြားကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

## ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးအကြံပြု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် ယခုနှစ်အတွင်း မကွေးတိုင်းဒေသကြီးသို့ ဒုတိယအကြိမ် ရောက်ရှိခြင်းဖြစ်ပြီး ယခင်ကထက် သိသိသာသာ တိုးတက်မှုရှိလာသည်ကို အားရဖွယ်တွေ့မြင်ရကြောင်း၊ ယနေ့ တွေ့ဆုံပွဲတွင် တင်ပြချက်များအရ လုပ်ငန်းများတိုးတက်မှုရှိစေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးတင်ပြကြသည်ကို တွေ့ရှိရကြောင်း၊ လုပ်ငန်းများ အောင်မြင်စေရေးအတွက် အခြေအနေကောင်းကို ဖန်တီးရန်နှင့် မိမိတို့ကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကောင်းမွန်တိုးတက်မှသာလျှင် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သယံဇာတပစ္စည်းများမှထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များမှ ထုတ်လုပ်ခြင်းဟူ၍ရှိကြောင်း၊ ကုန်ဈေးနှုန်း မြင့်တက်ရခြင်းသည် ကုန်ထုတ်လုပ်မှုနှင့် စားသုံးမှု မမျှတခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ ကြီးမြင့်ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် စားသုံးမှုနှင့် ထုတ်လုပ်မှုကို မျှတအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံရှိ ကျေးလက်နေပြည်သူများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြကြောင်း၊ မြို့ပြ၌ နေထိုင်ကြသူများအနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များဖြင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် အဓိကကျကြောင်း၊ ယင်းလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် အခြေခံကျသည့် ကျေးလက်စီးပွားရေးကို မြှင့်တင်ခြင်းပင်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေး တိုးတက်လာပါက ဝယ်လိုအားတက်လာပြီး လူမှုစီးပွားဘဝ တိုးတက်လာစေမည်ဖြစ်ကြောင်း**၊ သို့ဖြစ်၍ စနစ်ကျသည့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုကြောင်း။

## ပြည်တွင်းကုန်ထုတ်လုပ်မှုအားပေး ဆောင်ရွက်

မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စိတ်ပါဝင်စားမှု နည်းပါးကြကြောင်း၊ ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ခြင်း မရှိခဲ့သောကြောင့် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာ နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့တာဝန်ယူချိန် ကာလမှစတင်၍ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ **စာမျက်နှာ ၅ သို့** ✻

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အဓိကကျကြောင်း၊ ယင်းလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် အခြေခံကျသည့် ကျေးလက်စီးပွားရေးကို မြှင့်တင်ခြင်းပင် ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးတိုးတက်လာပါက ဝယ်လိုအားတက်လာပြီး လူမှုစီးပွားဘဝ တိုးတက်လာစေမည်**

❖ **၂၀၂၀ ပြည့်နှစ်မှစသည့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်ချိန်တွင် မိမိတို့အနေဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခက်အခဲအမျိုးမျိုးကြားမှ ကျော်လွှားနိုင်ခဲ့ကြောင်း၊ အလားတူ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူအကြမ်းဖက်မှုများလည်း ဖြစ်ပေါ်ခဲ့ပြီး မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရ**

❋ စာမျက်နှာ ၄ မှ
ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာ နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့ တာဝန်ယူချိန်ကာလမှစတင်၍ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ထိုက်သင့်သလောက် တိုးတက်မှု မရှိခဲ့ကြောင်း၊ ထို့ပြင် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့်လည်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲ အမျိုးမျိုးကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ထိုက်သင့်သလောက် တိုးတက်လာပြီဖြစ်ကြောင်း၊ **၂၀၂၀ ပြည့်နှစ်မှ စသည့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်ချိန်တွင် မိမိတို့အနေဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခက်အခဲ အမျိုးမျိုးကြားမှ ကျော်လွှားနိုင်ခဲ့ကြောင်း၊** အလားတူ **နိုင်ငံရေး အမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူအကြမ်းဖက်မှုများလည်း ဖြစ်ပေါ်ခဲ့ပြီး မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊** ထိုကဲ့သို့သော အခက်အခဲများ ဖြစ်ပေါ်ခဲ့သည့်ကြားမှ မကွေးတိုင်းဒေသကြီးသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်မည်ဆိုပါက စီးပွားရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင်မြင် လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီး နှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ MSME လုပ်ငန်းတွင် ထုတ်လုပ်မှု ကဏ္ဍ၊ ရောင်းဝယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ရှိကြောင်း၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထား ထုတ်လုပ်သည့် ထုတ်ကုန်များ ထုတ်လုပ်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကာ ဒေသ ဖွံ့ဖြိုးမှုကို ပိုမိုအထောက်အပံ့ပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုး ဖြစ်ထွန်းစေကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဦးဆောင်၍ ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို လေ့လာကြည့်ရှုစဉ်။

ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ပြည်တွင်း လိုအပ်ချက်များဖြစ်သည့် လူသုံးကုန်ပစ္စည်းများကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေ သုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက်လိုအပ်လျက်ရှိသည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းရသူ (Importer)အဆင့်မှ ပြည်တွင်းလိုအပ်ချက် ဖူလုံပြည့်မီအောင် ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်သူ (Exporter) အဆင့်အထိ ရောက်ရှိအောင် ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံ့စီးပွားရေးကို ဆောင်ရွက်ရာတွင် နိုင်ငံသူ နိုင်ငံသားအားလုံးက အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သစ်ပင်၊ သစ်တောနှင့် ဝါးသယံဇာတများစွာရှိကြောင်း၊ ဝါးကိုအခြေခံသည့် စက္ကူပျော့ဖတ်များထုတ်လုပ်၍ ပြည်တွင်း စက္ကူလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း၊ အလားတူ သစ်အချောထည်ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ သစ်တောထွက်ကုန်ပစ္စည်းများကို အသုံးပြု၍ ပြည်တွင်းသုံးကုန်များကို အစားထိုးနိုင်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့နိုင်ကြောင်း၊ သစ်တောထွက် သယံဇာတများကို ထုတ်ယူသုံးစွဲပြီးပါက ပြန်လည် အစားထိုးစိုက်ပျိုးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်တွင်း စားသုံးဆီလိုအပ်မှုနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ ဆီအိုးကြီးဖြစ်သော်လည်း နိုင်ငံတော်က သတ်မှတ်ထားသည့်ပန်းတိုင် ရည်မှန်းချက် ပြည့်မီမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးမှုများ အထွက်နှုန်း တိုးတက်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ ဝါစိုက်ပျိုးသည့် ဒေသတစ်ခုဖြစ်သည့်အတွက်လည်း ဝါစိုက်ပျိုးမှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ **ဝါစိုက်ပျိုးမှုလုပ်ငန်းများမှ မိမိတို့နိုင်ငံတွင် အကောင်းဆုံးသော ချည်ထည်ပစ္စည်းများထုတ်လုပ်နိုင်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်**ကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် မျိုးကောင်းမျိုးသန့်များရရှိရန်၊ မြေကောင်းမွန်ရန်၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရန်နှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်ရန် တာဝန်ရှိသူများက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း။

## ဒေသတွင်း ခရီးသွားများ ဝင်ရောက်မှု များပြားခြင်းဖြင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည်

မကွေးတိုင်းဒေသကြီးအတွင်း အထင်ကရနေရာများနှင့် တန်ခိုးကြီး စေတီပုထိုးများ များစွာရှိသဖြင့် တစ်နိုင်ငံလုံးမှ ဘုရားဖူးများ လာရောက်ကြကြောင်း၊ မိမိတို့ဒေသသို့လာရောက်သူများ စိတ်ချမ်းမြေ့မှုရှိစေရေး မြို့ရွာများ သန့်ရှင်းသာယာလှပစေရန် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ ခရီးသွားများ လာရောက်မှု ပိုမိုများပြားပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း၊ **ဒေသတွင်း တည်ရှိသည့် ဘုရား၊ ကျောင်းကန်များအား အများပြည်သူများ လာရောက် ဖူးမြော်ကြည်ညိုချိန်တွင် စိတ်ကြည်နူးချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းသာယာစေရေးအတွက်လည်း ဆောင်ရွက်ကြစေလို**ကြောင်း၊ MSME လုပ်ငန်းများတွင် ဝန်ဆောင်မှုလုပ်ငန်းသည်လည်း ပါဝင်သဖြင့် ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း။

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိုက်သင့်သည့်အတိုးနှုန်းများဖြင့် ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ချေးငွေများရှိသကဲ့သို့ ပုဂ္ဂလိကချေးငွေများလည်းရှိပြီး အဆိုပါချေးငွေများကိုလည်း သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ချေးငွေများ ထပ်မံထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း ရေနံထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရေနံထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ စည်းစနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကိုလည်း တတ်နိုင်သမျှ ချွေတာသုံးစွဲကြစေလိုကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြစေလိုကြောင်း၊ **ယခင်က ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်းများ အကြောင်းအမျိုးမျိုးဖြင့် ရပ်တန့်ခဲ့ရသည့်အတွက် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍများ နှောင့်နှေးခဲ့ရကြောင်း။**

## ပညာရေး အားပေးဆောင်ရွက်ကြရန်လို

**ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး ပညာတတ်မြောက်မှုအပေါ် မူတည်၍ လူတစ်ဦးချင်း၏ ဘဝရပ်တည်မှုများသည်လည်း ကွာခြားသွားမည်ဖြစ်**ကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိရေး ဒေသတွင်း ပညာတတ်များ ပေါ်များကြွယ်ဝရန်လိုသဖြင့် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် တက္ကသိုလ်နှင့် ကောလိပ်များ များစွာရှိကြောင်း၊ **ပညာရေးကိုအားပေးဆောင်ရွက်ခြင်းသည် မိမိတို့ဘဝကို မြှင့်တင် ဆောင်ရွက်ခြင်းပင်ဖြစ်**ကြောင်း၊ အလားတူ ဗဟုသုတအသိအမြင်များ တိုးပွားစေရေးအတွက် စာပေများကိုလည်း အမြဲမပြတ် ဖတ်ရှုနေရန်လိုကြောင်း၊ **စာတွေ့နှင့် လက်တွေ့ကို ပေါင်းစပ်ဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ အကျိုးစီးပွားကို တိုးတက်စေမည်ဖြစ်**ကြောင်း၊ တစ်ဦးချင်းတိုးတက်မှုမှ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ နိုင်ငံတော်အဆင့်အထိ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့်စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိ မှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး ပညာတတ်မြောက်မှုအပေါ် မူတည်၍ လူတစ်ဦးချင်း၏ ဘဝရပ်တည်မှုများသည်လည်း ကွာခြားသွားမည်ဖြစ်**
❖ **ပညာရေးကို အားပေးဆောင်ရွက်ခြင်းသည် မိမိတို့ဘဝကို မြှင့်တင်ဆောင်ရွက်ခြင်းပင်ဖြစ်**
❖ **စာတွေ့နှင့်လက်တွေ့ကို ပေါင်းစပ်ဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ အကျိုးစီးပွားကို တိုးတက်စေမည်ဖြစ်**

❖ **ဝါစိုက်ပျိုးမှုလုပ်ငန်းများမှ မိမိတို့နိုင်ငံတွင် အကောင်းဆုံးသော ချည်ထည်ပစ္စည်းများထုတ်လုပ်နိုင်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်**
❖ **ဒေသတွင်း တည်ရှိသည့် ဘုရား၊ ကျောင်းကန်များအား အများပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုချိန်တွင် စိတ်ကြည်နူးချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းသာယာစေရေးအတွက်လည်း ဆောင်ရွက်ကြစေလို**
❖ **ယခင်ကဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများ အကြောင်းအမျိုးမျိုးဖြင့် ရပ်တန့်ခဲ့ရသည့်အတွက် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍများ နှောင့်နှေးခဲ့ရ**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ ပုံရိပ်များ



နိုဝင်ဘာ ၂၆ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဒေသာကပွဲတွင် ပါဝင်သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။



နိုဝင်ဘာ ၂၆ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဒေသာကပွဲတွင် ပါဝင်သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုဝင်ဘာ ၂၆ ရက်က လွတ်လပ်ရေးနေ့ဂုဏ်ပြု တေးသီချင်းတစ်ပုဒ်ဖြင့် ဖျော်ဖြေစဉ်။




နိုဝင်ဘာ ၂၆ ရက်က စိုးသဘင်ဇာတ်အဖွဲ့ ကပြဖျော်ဖြေစဉ်။



နိုဝင်ဘာ ၂၆ ရက်က "ကောင်းသောည"တေးဂီတဖြင့် ဖျော်ဖြေစဉ်။



နိုဝင်ဘာ ၂၇ ရက်က လွတ်လပ်ရေးနေ့ဂုဏ်ပြု ပဏာမတေးသီချင်းတစ်ပုဒ်ဖြင့် ဖျော်ဖြေစဉ်။





နိုဝင်ဘာ ၂၇ ရက်က ပဒေသာကပွဲဖျော်ဖြေတင်ဆက်မှုကို လာရောက်ကြည့်ရှုကြသည့် ပရိသတ်များကို တွေ့ရစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ (တတိယနေ့) ပုံရိပ်များ















# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပဒေသာကပွဲ(တတိယနေ့)ကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တက်ရောက်လာကြသည့် ပရိသတ်များက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။

**ကြည့်ရှုအားပေး**

ပဒေသာကပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပဒေသာကပွဲတွင် ရုပ်ရှင်၊ သဘင်နှင့် ဂီတတို့မှ အနုပညာရှင်များက ပဏာမညွှန့်ခံ ဂီတသံ၊ လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်၊ "တောသူအချစ်"၊ "မေတ္တာနုနုစေလိုသူ"၊ "ရောင်စုံမမ"၊ "ပော့အချစ်"၊ လွတ်လပ်ရေးနေ့ ဂုဏ်ပြုပဏာမ တေးတစ်ပုဒ်ဖြစ်သည့် "ပြည့်ရတနာ"၊ "ကံ့ကော်မျက်ရည်"၊ "မိတော့မိတယ်"၊ "မျက်လုံးချင်းစကားပြောနေပြီ"၊ "ပင်ချင်းယှက်၍ နွယ်ချင်းခက်သော်" တေးသီချင်းတို့ဖြင့်လည်းကောင်း၊ "ပြန်လည် ဆုံတွေ့ကြရာဝယ်" နှစ်သံတစ်ကိုယ်တင်ဆက်မှုဖြင့် လည်းကောင်း၊ "ဗာရာဏသီ" တစ်ခန်းရပ်ပြဇာတ်ဖြင့် လည်းကောင်း၊ "ပြန်ပေးပါရစေအသည်းလေးတစ်မွှာ"၊ "အချိန်ရမှနားထောင်ပါ"၊ "အချစ်နတ်ဆိုးလေး"၊ "ပြန်လာခဲ့"၊ "ကချင်မြေကိုလာပါ"၊ "ရုံးတော်လွှတ်တော်"၊ တေးသီချင်းတို့ဖြင့် လည်းကောင်း၊ "ရွှေစွန်ညို" တေးသရုပ်ဖော်ကပြဖျော်ဖြေမှုဖြင့် လည်းကောင်း၊ "ဘယ်သူဆရာကြီးလဲ" ပြဇာတ်ဖြင့် လည်းကောင်း၊ "သောကတောင်တန်း"၊ "ယောသူတို့ရွာ"၊ "စနေထောင့်မှာပန်းလှူမယ်"၊ "အန်ကယ်ကတော့ No ပါ" တေးသီချင်းတို့ဖြင့် လည်းကောင်း၊ "အညာမိသွားတဲ့အညာသားလေး"တေးသရုပ်ဖော်၊ ကရင်ပြည်နယ် ဒုံရောင်ဖူးကျော်ဇာတ်အဖွဲ့မှ နှစ်ပါးသွားဖျော်ဖြေတင်ဆက်မှု၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအနားသတ်အစီအစဉ်တို့ဖြင့် လည်းကောင်း ပျော်ရွှင်စွာ သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ပဒေသာကပွဲကို ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်နှင့် လွတ်လပ်ရေး၏ အငွေ့အသက်များ ခံစားနားလည်နိုင်စေရန် ရည်ရွယ်၍ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ကျင်းပရေးဦးစီးကော်မတီက ကြီးမှူးပြီး နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၃၀ ရက်အထိ ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပဒေသာကပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကို နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်က စတင်ကျင်းပခဲ့ရာ နိုဝင်ဘာ ၂၉ ရက်တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးအောက်ရှိ အနုပညာရှင်များကလည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များကလည်းကောင်း ဆက်လက်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ ပဒေသာကပွဲ၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV– HD ၊ MRTV Parliament Channel ၊ MWD HD Channel ၊ MWD Variety HD Channel၊ MRTV Web & App တို့တွင် ညနေ ၆ နာရီခွဲမှ ည ၈ နာရီအထိနှင့် ည ၉ နာရီမှ ည ၁၁ နာရီအထိ နှစ်ချိန်ခွဲ၍ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းနှင့် ည ၈နာရီသတင်း ထုတ်လွှင့်ချိန်ဖြစ်သော ည ၉ နာရီအထိ ဖျော်ဖြေခဲ့သည့် အစီအစဉ်များကို ယင်းရုပ်သံလိုင်းများတွင် နောက်တစ်နေ့ ညနေ ၄ နာရီသတင်းပြီးချိန်မှ ညနေ ၆ နာရီအတွင်း Delay ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**




## ညောင်လေးပင်မြို့၌ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**ညောင်လေးပင် နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်တွင် ညောင်လေးပင်မြို့နယ် ပွင့်တန်ဆာမြို့ စိုက်ပျိုးရေးအထွက်တိုးစခန်း၌ ပဲတီစိမ်းစိုက်တောင်သူများနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။



တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်က ပဲတီစိမ်းစိုက်တောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် လိုအပ်သော သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ ထောက်ပံ့ဆောင်ရွက်ပေးခြင်း၊ သွင်းအားစုတန်ဖိုးနှင့် ညီမျှသောပဲတီစိမ်းများအား တောင်သူများက ပြန်လည်ရောင်းချပေးခြင်းအပါအဝင် ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများအား ရှင်းလင်းပြောကြားပြီး တောင်သူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကြီးကြပ်ရေးဌာနဆိုင်ရာများမှ တက်ရောက်လာသော တောင်သူများအား ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆွေးနွေးကြပြီး ညောင်လေးပင်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ဧက တစ်သောင်းခွဲခန့်ကို စီမံကိန်းလုပ်ငန်းအဖြစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## မြေပုံမြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး စကားဝိုင်းပြုလုပ်

**မြေပုံ နိုဝင်ဘာ ၂၈**

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ယနေ့ မွန်းတည့် ၁၂ နာရီက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး စကားဝိုင်းပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမောင်နီချေက ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်၍ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးနေမှုအခြေအနေများအား မေးမြန်းသည်။ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းက မေးမြန်းချက်များအပေါ်ကလေးသူငယ်များဆိုင်ရာဥပဒေ အခန်း(၁၄)၊ ပုဒ်မ(၄၈)(ခ)အရ အလုပ်လုပ်နိုင်စွမ်းရှိသည့် ကလေးသူငယ်၏အသက်သည် ၁၄ နှစ်အောက် မငယ်စေရ၊ အန္တရာယ်ကျရောက်နိုင်သော ကလေးလုပ်သားများနှင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးလုပ်သားများအတွက် လူမှုဝန်ထမ်းဦးစီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မိတ်ဖက် NGOs တို့နှင့်ပူးပေါင်း၍ ဖြစ်ရပ်ဆန်းစစ်အတည်ပြုခြင်း၊ ကူညီကယ်တင်ခြင်း၊ ယာယီစောင့်ရှောက်မှုပေးခြင်းနှင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြောင်း ဆွေးနွေးပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ဂျပန်-မြန်မာယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ဂျပန်-မြန်မာယဉ်ကျေးမှုမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ Mr.Fumio USUI နှင့် အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် စီးပွားရေး ဆိုင်ရာကိစ္စရပ်များ၊ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၈**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စပါးနှင့် ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်သည်။

**ညှိနှိုင်းဆွေးနွေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စပါးနှင့် ပဲတီစိမ်းစိုက်ပျိုး ထုတ်လုပ်မှုဆိုင်ရာများ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကွေးမြို့ မြို့တော်ခန်းမတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ဒေသခံလုပ်ငန်းရှင်များ၊ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်သော တောင်သူများ နှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါးစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ လယ်ယာစိုက်ပျိုး ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် စပါးနှင့် ပဲတီစိမ်း



စိုက်ပျိုးသော တောင်သူများအတွက် လိုအပ်လျက်ရှိသော သွင်းအားစုများကို တစ်ရာခိုင်နှုန်း ဝန်ဆောင်မှုစရိတ်ဖြင့် ငွေမချေးဘဲ မြေသြဇာနှင့် ပိုးသတ်ဆေး ရရှိရေး ဆောင်ရွက်ပေးခြင်း၊ မြေသြဇာတန်ဖိုးနှင့် ညီမျှသော စပါးနှင့် ပဲတီစိမ်းများကို တောင်သူများမှ ပေါက်ဈေးနှင့်အညီ ပြန်လည်ရောင်းချပေးဆပ်ခြင်း၊ လယ်ယာဖွံ့ဖြိုးရေးဘဏ် ကြွေးကျန်ရှိသည့် တောင်သူများအနေဖြင့် ကြွေးကျန်ပမာဏ၏ ၂၅ ရာခိုင်နှုန်း အပါအဝင် မြေသြဇာတန်ဖိုးနှင့်ညီမျှသော စပါးနှင့် ပဲတီစိမ်းများအား ပေါက်ဈေးနှင့်အညီ ပြန်လည်ရောင်းချပေးဆပ်ခြင်း၊ တောင်သူများ၏ လက်ဝယ်သို့ သွင်းအားစုများ သတ်မှတ်အချိန်အတွင်း အချိန်မီ ရောက်ရှိအသုံးပြုနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ဝန်ဆောင်ခ တစ်ရာခိုင်နှုန်း ငွေများအား မပျောက်ပျက်၊ မဆုံးရှုံးအောင် စနစ်တကျ စီမံဆောင်ရွက်ခြင်း လုပ်ငန်းစဉ်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တောင်သူများအနေဖြင့်လည်း အမှန်တကယ် ဆောင်ရွက်ချင်စိတ်ရှိရန် အထွက်တိုးအောင်မြင်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုးစားပြီး လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုး/မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုအနေဖြင့် ဆောင်းပဲတီစိမ်းဧက ၄၀၀၀၀ ခန့်၊ နွေစပါးစိုက်ဧက ၅၀၀၀၀ ခန့် လျာထားဆောင်ရွက်နေပါကြောင်း၊ စီမံကိန်းအောင်မြင်ရေး၊ ချေးငွေများ ဆုံးရှုံးမှုမရှိစေရေး၊ လယ်ယာဖွံ့ဖြိုးရေးဘဏ် ချေးငွေများ ပြန်လည်ရရှိရေး ဆောင်ရွက်မည့် အစီအမံများနှင့် အစိုးရအဖွဲ့မှ စီမံကိန်းအောင်မြင်ရေးအတွက် မျိုး၊ သွင်းအားစု၊ ရေရရှိရေးအပါအဝင် တာဝန်ယူကြီးကြပ်ဆောင်ရွက်မည့် ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးသည်။ ဆက်လက်ပြီး တက်ရောက်လာသော တောင်သူများ၊ ဒေသခံလုပ်ငန်းရှင်များနှင့် တောင်သူများ၏ မေးမြန်းချက်များကို အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အာဆီယံ အပေါင်းသုံးအရေးပေါ် အရန်ဆန်ရိက္ခာ အစီအစဉ်-၃ အရ APTERR ကောင်စီ၏ အစီအစဉ်ဖြင့် အလှူရှင်နိုင်ငံများဖြစ်သော ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပေးပို့လှူဒါန်းသည့် ဆန်များအနက် မကွေးတိုင်းဒေသကြီးပြည်သူများအတွက် ဆန်တန်ချိန် ၈၀၀ (ကီလိုအိတ် ၃၀ အိတ် ၂၆၆၇ အိတ်)ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာရင်းကောင်စီ အလုပ်အမှုဆောင်အစည်းအဝေး (၁/၂၀၂၂) ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံစာရင်းကောင်စီ အလုပ်အမှုဆောင်အစည်းအဝေး (၁/၂၀၂၂) ကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံစာရင်းကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက မြန်မာနိုင်ငံ စာရင်းကောင်စီကို ၁၉၇၂ ခုနှစ်မှစတင်၍ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ တိုးပွားလာစေရန်၊ စာရင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတကာစာရင်းကိုင်စံများနှင့်အညီ လိုက်နာကျင့်သုံးနိုင်စေရန်ရည်ရွယ်ပြီး ဖွဲ့စည်းခဲ့သည်မှာ ၂၀၂၂ ခုနှစ်တွင် နှစ်(၅၀)ပြည့်ပြီဖြစ်ပြီး မကြာမီ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ကျင်းပသွားမည်ဖြစ်ပါကြောင်း။

**ပံ့ပိုးပေးရမည်**

ပုဂ္ဂလိကကဏ္ဍရှိ စာရင်းလုပ်ငန်းဆောင်ရွက်သူများနှင့် စာရင်းပညာရှင်များ လိုက်နာရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများချမှတ်ခြင်း၊ ထိန်းကျောင်းခြင်းနှင့် လမ်းညွှန်ခြင်းများအပြင် အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်သည့်အဖွဲ့အစည်းများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအား နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများကို လိုက်နာကျင့်သုံးနိုင်စေရန်အတွက်လည်း လိုအပ်သည်များ ပံ့ပိုးပေးရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ကောင်စီသည် စာရင်းကိုင်များအပေါ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအရ ကြီးကြပ်ထိန်းကျောင်းခြင်းနှင့် လိုအပ်ပါက အရေးယူဆောင်ရွက်ခြင်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပတ်သက်ဆက်နွှယ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ကောင်စီအမှုဆောင်များ အနေဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ လုပ်ငန်းတာဝန်များနှင့်အညီ နိုင်ငံ၏စီးပွားရေးနှင့် စီမံခန့်ခွဲရေးနယ်ပယ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်များက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းတို့နှင့်စပ်လျဉ်း၍ အစီအစဉ်အတိုင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

**ကျန်းမာဖို့အရေး လမ်းလျှောက်ပေး**

# ရွှေစည်းခုံစေတီတော် အလင်းမီးပူဇော်ခြင်း၊ ချူအင်လိုင်းတန်ဆောင်းတွင် LED Screen လှူဒါန်းခြင်း ဖွင့်ပွဲကျင်းပ





**ပုဂံ နိုဝင်ဘာ ၂၈**

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ လှူဒါန်းသည့် ရွှေစည်းခုံစေတီတော်အလင်းမီးပူဇော်ခြင်းနှင့် ချူအင်လိုင်းတန်ဆောင်း LED Screen Board တပ်ဆင်ခြင်းဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Chen Chen၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း Senior President ဦးသစ္စာနှင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပုဂံညောင်ဦးဒေသ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြယုဂ်တစ်ခုဖြစ်**

အခမ်းအနား၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ချူအင်လိုင်းတန်ဆောင်းသည် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး အစဉ်အလာကောင်း၏ ပြယုဂ်တစ်ခုဖြစ်ပါကြောင်း၊ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးသည် ရင်းနှီးမှုနှင့် နီးကပ်မှုအတွက် သက်ရောက်စေသည့် အသုံးအနှုန်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ တို့၏ ခင်မင်ရင်းနှီးမှုသည် ၁၉၆၁ ခုနှစ်က တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း၏ ရွှေစည်းခုံဘုရားတွင် ယခုတန်ဆောင်းတည်ဆောက်ရန် လှူဒါန်းပြီးနောက်ပိုင်းတွင် ပိုမိုခိုင်မြဲလာပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်းသည် မြန်မာနိုင်ငံကို ချစ်ကြည်ရေး ခရီးစဉ် (၉) ကြိမ်တိုင်တိုင် လာရောက်ခဲ့သည်ဟုလည်းသိရှိရပြီး ဝန်ကြီးချုပ်ချူအင်လိုင်း၏ မြန်မာနိုင်ငံ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ လာရောက်လည်ပတ်ခြင်း နှစ်ပတ်လည် အခမ်းအနားများကို ဤချူအင်လိုင်းတန်ဆောင်းတွင်ပင် ကျင်းပခဲ့သည်ဟု သိရှိရပါကြောင်း၊ ချူအင်လိုင်းတန်ဆောင်းတွင် ဘုရားဖူးဧည့်သည်များ နားခိုနေနိုင်ခြင်းအပြင် ရွှေစည်းခုံစေတီတော်ကြီး၏ သမိုင်းကြောင်းအချက်အလက်များ၊ စေတီပုထိုးများ၊ မြန်မာမှုအနုလက်ရာများ၊ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၏ ရှုခင်းအလှအပများကို ကြည့်ရှုနိုင်စေရန်အတွက် LED Board နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်လှူဒါန်းခြင်း၊ LED မီးဆလိုက်များ တပ်ဆင်လှူဒါန်းခြင်းတို့နှင့် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင်ပါ ပံ့ပိုးကူညီပေးမှုတို့အတွက် မြန်မာနိုင်ငံအစိုးရကိုယ်စား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Chen Chen က ရွှေစည်းခုံစေတီတော် အလင်းမီးပူဇော်ခြင်းနှင့် ချူအင်လိုင်းတန်ဆောင်း LED Screen Board တပ်ဆင်ခြင်း လှူဒါန်းခဲ့မှုအပေါ် ဝမ်းမြောက်စကားပြောကြားခဲ့ပြီး ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကိုယ်စားဥက္ကဋ္ဌ ဦးကျော်မြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်သို့ ဂုဏ်ပြုမှတ်တမ်း ပေးအပ်ခြင်း၊ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းသို့ ဂုဏ်ပြုမှတ်တမ်း ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရသင့်ရထိုက်သည့် အခွန်အခများနှင့် ချေးငွေကြွေးကျန်များ အပြည့်အဝ ကောက်ခံရရှိရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**မုံရွာ နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် ရသင့်ရထိုက်သည့် အခွန်အခများနှင့် ချေးငွေကြွေးကျန်များ အပြည့်အဝ ကောက်ခံရရှိရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ရသင့်ရထိုက်သည့် အခွန်အခများနှင့် ချေးငွေကြွေးကျန်များ အပြည့်အဝ ကောက်ခံရရှိရေးအတွက် သက်ဆိုင်ရာဌာနများ အနေဖြင့်အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်မှ စိုက်ပျိုးရေးနှင့်စီးပွားရေး လုပ်ငန်းရှင်များအတွက် အတိုးနှုန်းသက်သာစွာဖြင့် ချေးထားသည့်ငွေများကို ပြန်လည်ပေးဆပ်နိုင်ရေး အတွက် အလေးထား ဆောင်ရွက်သွားကြရန် ဌာနဆိုင်ရာ တာဝန်ရှိသူများကို တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်ရငွေရရှိမှသာ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲငွေများ သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ အခွန်ငွေများ ကောက်ခံရာတွင် အခက်အခဲများ ရှိမည်ဖြစ်သော်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကြိုးပမ်းဆောင်ရွက်နေကြသည့် ဝန်ထမ်းများကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အသိအမှတ်ပြုကြောင်း၊ ဌာနများ အနေဖြင့် ကောက်ခံရန် သက်မှတ်ပေးထားသည့် လျာထားချက်များကို ပြည့်မီကျော်လွန်စွာကောက်ခံရရှိရေး၊ ရသင့်ရထိုက်သော အခွန်ငွေများကို တိမ်းရှောင်နေသည့် စီးပွားရေးလုပ်ငန်းများမှ လွတ်ကင်းလျော့နည်းမှု မရှိစေရန်နှင့် ပြည့်ပြည့်ဝဝ ကောက်ခံရရှိနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ယင်းညှိနှိုင်းအစည်းအဝေးတွင် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များအတွင်း ဌာနများအလိုက် ရသင့်ရထိုက်သည့် အခွန်အခများနှင့် ချေးငွေကြွေးကျန်များ အပြည့်အဝ ကောက်ခံရရှိရေးဆိုင်ရာကိစ္စရပ်များနှင့် ဘတ်ဂျက်နှစ်အလိုက် ကောက်ခံရန်ကျန်၊ ကောက်ခံရရှိမှုနှင့် ဆက်လက်ကောက်ခံသွားမည့် အခြေအနေများကိုလည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မုံရွာခရိုင်၊ ကလေးခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဦးခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင်တို့မှ တာဝန်ရှိသူများက ခရိုင်/မြို့နယ်များအတွင်း ရသင့်ရထိုက်သည့် အခွန်အခများနှင့် ချေးငွေကြွေးကျန်များ အပြည့်အဝ ကောက်ခံရရှိရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေး တင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖျာပုံမြို့ မြို့မဈေးရုံသစ်ကြီးတည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ



**ဖျာပုံ နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ မြို့မဈေးရုံသစ်ကြီး တည်ဆောက်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါဈေးရုံဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများ၊ Royal Innovative Construction ကုမ္ပဏီမှတာဝန်ရှိသူများနှင့် မြို့မဈေးကော်မတီဝင်များက မင်္ဂလာအချိန်တွင် အောင်ပန္နက်တင်၍ နံ့သာမျိုး ငါးပါးအမွှေးနံ့သာရေ ပက်ဖျန်းပေးခဲ့ကြသည်။

"ဈေးရုံသစ်ကြီးကို တင်ဒါအောင်မြင်တဲ့ Royal Innovative Construction ကုမ္ပဏီနဲ့ နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်။ အလျား ၁၂၆ ပေ၊ အနံ ၇၂ ပေ ရှိပြီး သုံးထပ်အာရ်စီကွန်ကရစ် အမျိုးအစားဖြစ်ပါတယ်"ဟု စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

အဆိုပါ မြို့မဈေးရုံသစ်ပြန်လည် တည်ဆောက်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရရှိရန်ပုံငွေကျပ် သန်း ၂၀၀၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရရှိမည့် ရန်ပုံငွေကျပ် သန်း ၂၀၀၊ ဈေးသူဈေးသားများ ထည့်ဝင်ငွေကျပ် ၈၉၉ သန်း စုစုပေါင်းငွေကျပ် ၁၂၉၉ သန်း အသုံးပြုတည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

**၂၀၇**

■

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂၈**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်း ရွာနိုင်သည်။ **မိုး/ဇလ**

# အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်





**နေပြည်တော် နိုဝင်ဘာ ၂၈**

အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၅၁) အလုပ်သမားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**အကောင်အထည်ဖော်လျက်ရှိ**

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်တည်ဆောက်ရာတွင် အဓိကကျသော လူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိနိုင်ရေး၊ အလုပ်သမား ဈေးကွက် ဖွံ့ဖြိုးတိုးတက်ခိုင်မာလာစေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များအတွက် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လူမှုဖူလုံရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား အငြင်းပွားမှုများ လျော့နည်းပပျောက်ရေးတို့ကို ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ နိုင်ငံတော်၏ တိုးတက်ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့် လိုက်လျောညီထွေစွာဖြင့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အကျိုးခံစားခွင့်များအား မှန်မှန်ကန်ကန်၊ ပြည့်ပြည့်ဝဝ ရရှိစေရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ စစ်ဆေးရေးကိစ္စရပ်များအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရ မြေပြင်တွင် ကွင်းဆင်းစစ်ဆေးခြင်း၊ မြေပြင်သို့ သွားရောက်၍ မစစ်ဆေးနိုင်သည့် နယ်မြေများကို အွန်လိုင်းဖြင့် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဌာနမှ စည်းကြပ်နေသည့် ဥပဒေ၊ နည်းဥပဒေများကို အလုပ်ရှင်၊ အလုပ်သမားများ အနေဖြင့် သဘောပေါက်နားလည်စေရန် အသိပညာပေးဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်ရှင်များမှ အလုပ်သမားရေးရာဥပဒေများကို ပိုမိုနားလည်သဘောပေါက်ပြီး မိမိတို့၏ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများတွင် လက်တွေ့ကျင့်သုံး ဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်များကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

အရာထမ်း၊ အမှုထမ်းများအနေဖြင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေ၍ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို အထက်အကြီးအကဲများက ကွပ်ကဲမှု အနည်းဆုံးဖြင့် ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်တွင် ဆောင်ရွက်ရာ၌ ဘက်လိုက်ခြင်းမရှိဘဲ အလုပ်ရှင်၊ အလုပ်သမားများ၏ ယုံကြည်ကိုးစားမှု ရယူပြီး ဦးစီးဌာန၊ ဝန်ကြီးဌာန၏ဂုဏ်သိက္ခာမြင့်မားစေရေး အလေးထားဆောင်ရွက်ပေးရန် ပြောကြားသည်။

**ဖွင့်လှစ်ပို့ချသွားမည်**

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းနည်းပြများ တက်ရောက်ကြပြီး သင်တန်းကို Hybrid System ဖြင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ သင်တန်းသား အရာထမ်း၊ အမှုထမ်းစုစုပေါင်း ၅၄ ဦးဖြင့် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ ၁၀ ရက် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပနိုင်ရေးပေါင်းစပ်ညှိနှိုင်း



**နေပြည်တော် နိုဝင်ဘာ ၂၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဦးဆောင်သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလူထုအားကစား လှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေး ခန်းမ၌ ကျင်းပသည်။

**စုပေါင်းဆောင်ရွက်မည်**

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ၊ Physical Fitness Dance များ စုပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားရေးအသိဖြင့် ဝန်ကြီးဌာနများ အားလုံး အင်ပြည့်အားပြည့် ပူးပေါင်းဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လူထု အားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ အပါအဝင် တစ်နိုင်ငံလုံးရှိ ပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လှုပ်ရှားကြရန် အထူးလိုအပ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲနှင့်ပတ်သက်သည့် ကိစ္စရပ်များကိုလည်းကောင်း၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဌေးအောင်က ဒီဇင်ဘာလူထုအားကစား လှုပ်ရှားမှု အထိမ်းအမှတ်ပွဲများအပြင် ဝတ္တုတို၊ ဆောင်းပါး၊ ကဗျာ၊ ဓာတ်ပုံပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးကိစ္စကိုလည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးဌာန ကိုယ်စားလှယ်များက ၂၀၂၂ ခုနှစ် ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို လုံခြုံမှုအပြည့်ဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၄)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် (၂၁) ကြိမ်မြောက်အထွေထွေညီလာခံသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၈**

အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၄)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၁)ကြိမ်မြောက် အထွေထွေညီလာခံအား အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကကြီးမှူး၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် နိုဝင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဗိုလ်ချုပ်ငွေသိန်း(အငြိမ်းစား) ဦးဆောင်သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်တွင် ကျင်းပသော အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၄)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့တက်ရောက်သည်။အဆိုပါအစည်းအဝေးသို့ VECONAC အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် (၂၁)ကြိမ်မြောက် အထွေထွေညီလာခံသို့တင်သွင်းမည့် ဆုံးဖြတ်ချက် ၁၀ ခုကို ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပသော (၂၁)ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရာက်ခဲ့သည်။ (၂၁) ကြိမ်မြောက် အထွေထွေ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ H.E. GENERAL PRAYUT CHAN–O–CHA (Prime Minister and Minister of Defence, Chairman of the Veterans Council)က တက်ရောက်ဖွင့်လှစ်ပေးပြီး VECONAC အဖွဲ့ဝင် ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် တင်ပြဆွေးနွေးခဲ့သော ဆုံးဖြတ်ချက် ၁၀ ခုကို အဆိုပါ အထွေထွေညီလာခံ၌ အတည်ပြု၍ VECONAC အဖွဲ့ဝင် ၁၀ နိုင်ငံက ပူးတွဲကြေညာချက်တွင် လက်မှတ်ရေးထိုးမှတ်တမ်းတင်ခဲ့သည်။



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၅ ရက် ညပိုင်းတွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အခုလို နိုင်ငံတော်က အသိအမှတ်ပြု ချီးမြှင့်မှုအပေါ် အားကစားသမားဟောင်းကြီးတွေရဲ့ ရင်ထဲနှလုံးသားထဲမှာ စွဲမြဲထင်ကျန်နေမှာပါ

ဦးနန္ဒကျော်စွာ (ရေကူး )

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၂၁၁/၂၀၂၂) ဖြင့် နယ်ပယ်အသီးသီးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ခဲ့သည်။

ထိုသို့ချီးမြှင့်ခဲ့ရာတွင် တစ်ချိန်က မြန်မာ့အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသော မြန်မာ့အားကစားသမားဟောင်းကြီးများကို နိုင်ငံတော်အနေဖြင့် မမေ့မလျော့သောအားဖြင့် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခဲ့ရာ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားများဘဝတစ်လျှောက်တွင် မျှော်လင့်စောင့်စားခဲ့ကြသည့် ဆုတံဆိပ်များ ရရှိခဲ့ကြမှုအပေါ် လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၏ရင်တွင်း ပီတိစကားသံတို့ကို စုစည်းဖော်ပြအပ်ပါသည်။


ဦးနန္ဒကျော်စွာ (ရေကူး )


ဦးစိုးသိန်း (ဘော်လီဘော)


ဒေါ်ဝင်းချိုစန်း ( သေနတ်ပစ် )


ဦးအုံးရှိန် ( ဘော်လီဘော)

**ဦးနန္ဒကျော်စွာ (ရေကူး )**
**လူမှုထူးချွန် ဒုတိယဆင့်**

အခုလို အားကစားသမားဟောင်းတွေကို လျစ်လျူရှုမထားဘဲ ဂုဏ်ပြုချီးမြှင့်မှုအပေါ် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ခေတ်က ဘာမျှော်လင့်ချက်မှမရှိဘဲ နိုင်ငံတော်အတွက် ကစားခဲ့ကြတာပါ။ နိုင်ငံတော်အလံတိုင် ထိပ်ရောက်တယ်ဆိုရင် ဝမ်းသာပီတိအတိုင်းမသိဖြစ်ရတာပါ။ ပြိုင်ပွဲတွေမှာ မြန်မာက နိုင်လို့ တိုင်ထိပ်မှာ မြန်မာနိုင်ငံရဲ့အလံကိုလွှင့်ထူထားတယ်ဆိုရင် နိုင်ငံတော်အကြီးအကဲနဲ့ ပါဝင်ယှဉ်ပြိုင်ကြတဲ့နိုင်ငံတွေရဲ့ ကိုယ်စားလှယ်တွေဟာ နိုင်ငံတော်ရဲ့အလံကို ဦးညွှတ်ရတဲ့အတွက် အဲဒီလိုဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြတဲ့ အားကစားသမားဟောင်းတွေကို နိုင်ငံတော်က ပြန်လည်ကြည့်ရှု အသိအမှတ်ပြုပြီး ဆုတံဆိပ်တွေ ချီးမြှင့်မှုဟာ ပြောမပြတတ်အောင် ဝမ်းသာဂုဏ်ယူ ပီတိဖြစ်ရပါတယ်။ နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ရလို့ အလံတော်ကို အားကစားမှာပါဝင်တဲ့နိုင်ငံတွေက ဂုဏ်ပြုအလေးပြုတဲ့အခါမှာ အားကစားသမားတစ်ယောက်အနေနဲ့ ဖော်မပြတတ်အောင် ရင်ထဲအသည်းထဲမှာ ဝမ်းသာပီတိခံစားရပါတယ်။ အဲဒီလိုခံစားမှုမျိုးဟာ ကာယကံရှင်ကလွဲပြီး အခြားသူတွေ ပြည့်ပြည့်ဝဝခံစားလို့ရမှာ မဟုတ်တဲ့အတွက် ဝမ်းသာပီတိကြောင့်ကျတဲ့ မျက်ရည်ဟာ ဘယ်လိုမှ ရှင်းပြလို့မရတာအမှန်ပါ။

မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၅)ကြိမ်မြောက်ကျွန်းဆွယ်ပြိုင်ပွဲ ရေကူးပြိုင်ပွဲမှာ ရွှေတံဆိပ် သုံးဆုရခဲ့ပါတယ်။ တိုင်းပြည်အတွက်အားကစားကဏ္ဍကနေ ရွှေတံဆိပ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့အတွက် နိုင်ငံတော်ကိုကျေးဇူးဆပ်ခွင့်ရခဲ့တယ်။ အခုလိုနိုင်ငံတော်က အသိအမှတ်ပြု ချီးမြှင့်မှုအပေါ် အားကစားသမားဟောင်းကြီးတွေရဲ့ ရင်ထဲနှလုံးသားထဲမှာ စွဲမြဲထင်ကျန်နေမှာပါ။

**ဒေါ်ဝင်းချိုစန်း ( သေနတ်ပစ် )**
**လူမှုထူးချွန် ဒုတိယဆင့်**

မလေးရှားနိုင်ငံမှာ ကျင်းပတဲ့ (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ရွှေနှစ်ခုရရှိခဲ့ပြီးတော့ ဗီယက်နမ်နိုင်ငံမှာကျင်းပတဲ့ (၂၂)ကြိမ်မြောက်ပြိုင်ပွဲမှာ ကြေးနှစ်ခုရရှိခဲ့ပါတယ်။ အခုလိုဆုမျိုးကို လက်ရွေးစင် အားကစားသမားဘဝမှာ ရွှေနှစ်ခုရစဉ်ကတည်းက မျှော်လင့်ခဲ့တာပါ။ အခုလိုမထင်မှတ်ဘဲ နိုင်ငံတော်က အသိအမှတ်ပြုချီးမြှင့်တာကို ဝမ်းသာဂုဏ်ယူမဆုံးဖြစ်ရပါတယ်။ ကျေးဇူးလည်း အထူးတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ အဖွဲ့အစည်းအသီးသီးအားလုံးကို ကျေးဇူးတင်ပါတယ်။ လက်ရှိမျိုးဆက်သစ်အားကစားသမားတွေအနေနဲ့လည်း ဆက်လက်ပြီး နိုင်ငံ့ဂုဏ်ဆောင်အဖြစ် များးစွာပေါ်ထွန်းလာအောင် ကြိုးစားသွားစေချင်ပါတယ်။ အမိနိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာကနေ အောင်မြင်အောင် စွမ်းဆောင်နိုင်သူ များစွာပေါ်ထွန်းပါစေလို့ ဆုတောင်းပါတယ်။

**ဦးစိုးသိန်း (ဘော်လီဘော)**
**လူမှုထူးချွန် တတိယဆင့်**

နှစ်ပေါင်း(၅၀)အတွင်းမှာ အခုလို ဆုတံဆိပ်ရလိမ့်မယ်လို့ လုံးဝမမျှော်မှန်းခဲ့ပါဘူး။ ဒီတစ်ခါမှာ နိုင်ငံတော်က အားကစားသမားဟောင်းတွေကို ပြစ်မထားဘဲ ထူးချွန်ဆုတွေ ချီးမြှင့်တဲ့အတွက် ပြောမပြတတ်အောင် ဝမ်းသာပါတယ်။ မျိုးဆက်သစ်အားကစားသမားတွေလည်း ကျွန်တော်တို့လိုအရွယ်ရောက်လာချိန်မှာ နိုင်ငံတော်ကချီးမြှင့်တဲ့ ဆုတွေရရှိအောင် အခုကတည်းက ကြိုးစားအားထုတ်သင့်တယ်လို့ ပြောလိုပါတယ်။ ခေတ်အဆက်ဆက်မှာ ကျွန်တော်တို့ကို ထူးထူးခြားခြား ဂုဏ်ပြုခံရတဲ့အဆင့် မရှိခဲ့ဘူး။ အခုလို အသိအမှတ်ပြု ဂုဏ်ပြုခံရတာကို ကျွန်တော့်လိုပဲ အားကစားသမားဟောင်းတွေအားလုံး ဝမ်းသာပီတိဖြစ်ပြီး ဂုဏ်ယူနေကြပါတယ်။

ကျွန်တော့်နိုင်ငံအတွက် ဘော်လီဘောအားကစားနဲ့ ရွှေနှစ်ခု၊ ငွေတစ်ခုရခဲ့ပါတယ်။ ပထမဆုံးရွှေတံဆိပ်က မြန်မာပြည်မှာကျင်းပတဲ့ (၅)ကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲမှာပါ။ ဒုတိယ ရွှေတံဆိပ်က ၁၉၇၇ ခုနှစ် မလေးရှားနိုင်ငံမှာ ကျင်းပတဲ့ (၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ရရှိခဲ့ပြီးတော့ ငွေတံဆိပ်ကို ၁၉၇၃ ခုနှစ် မလေးရှားနိုင်ငံမှာ ကျင်းပတဲ့ပွဲမှာ ရခဲ့ပါတယ်။ နောက်ပိုင်း နည်းပြဆရာအဖြစ် နှစ်ပေါင်း ၂၀ ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံ့ဘောလုံးလက်ရွေးစင်အသင်းကိုလည်း ရွှေ၊ ငွေ၊ ကြေးတံဆိပ်တွေရအောင် နည်းပြ တစ်ယောက်အနေနဲ့ စွမ်းဆောင်ပေးခဲ့ပါတယ်။ နိုင်ငံတော်က ရွှေ၊ ငွေနဲ့ ကြေးဆုတံဆိပ်ရရှိခဲ့တဲ့ အားကစားသမားတွေကို လစဉ်ထောက်ပံ့နေမှုကိုလည်း ဝမ်းသာရပါတယ်။ အခုလို နိုင်ငံတော်က အသိအမှတ်ပြုပြီး လူမှုထူးချွန်တံဆိပ် ချီးမြှင့်ခံရမှုအပေါ် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

**ဦးအုံးရှိန် ( ဘော်လီဘော)**
**လူမှုထူးချွန် တတိယဆင့်**

ဒီဆုတံဆိပ်ကတော့ ရသင့်တဲ့သူတွေရတယ်လို့ ထင်ပါတယ်။ အဘတို့ ဝန်ထမ်းဘဝကတည်းက ဒီဆုကို မျှော်မှန်းခဲ့တာပါ။ သို့သော်လည်း ပင်စင်သွားပြီးတဲ့နောက်ပိုင်း အနှစ် ၂၀ ကျော်မှာ ဒီဆုကိုရခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ချီးမြှင့်ထိုက်တဲ့သူကို ချီးမြှင့်တဲ့အတွက် ဂုဏ်ယူရပါတယ်။

မြန်မာ့ဘော်လီဘော လက်ရွေးစင်အသင်းမှာ ၁၀ နှစ်ကျော်ကစားခဲ့တယ်။ အဲဒီ ၁၀ နှစ်အတွင်းမှာ ရွှေသုံးခု၊ ငွေတစ်ခုနဲ့ နိုင်ငံတော်အလံရဲ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့တယ်။ ကစားသမားဘဝပြီးဆုံးလို့ နည်းပြဘဝကို ရောက်တဲ့အခါမှာ အားကစားသမားတွေကို လက်ရွေးစင်အဆင့်ရောက်အောင် မွေးထုတ်ပေးနိုင်ခဲ့တယ်။ ၁၉၆၉ ခုနှစ်က မြန်မာပြည်မှာကျင်းပတဲ့ ကျွန်းဆွယ်ပြိုင်ပွဲမှာ ရွှေတစ်ခု စပြီးရတယ်။ ၁၉၇၅ ခုနှစ် ထိုင်းနိုင်ငံမှာ ကျင်းပခဲ့တဲ့ပြိုင်ပွဲမှာ အင်ပါယာရွှေတစ်ခုရခဲ့တယ်။ ၁၉၇၃ ခုနှစ်မှာလည်း မလေးရှားနိုင်ငံမှာ ကျင်းပတဲ့ပွဲမှာ ငွေတံဆိပ်တစ်ခုရခဲ့တယ်။ ၁၉၇၇ ခုနှစ် မလေးရှားနိုင်ငံမှာ ကျင်းပတဲ့ပွဲမှာလည်း ရွှေတစ်ခုရခဲ့တယ်။ ရွှေတံဆိပ်ရရှိတဲ့အခါမှာ နိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသီဆိုခဲ့ရတဲ့ ဝမ်းသာပီတိခံစားမှုဟာ ဘာနဲ့မှနှိုင်းယှဉ်လို့ မရပါဘူး။ အဲဒီလိုစွမ်းဆောင်နိုင်ခဲ့တဲ့ အားကစားသမားဟောင်းကြီးတွေကို အခုလို နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်တဲ့အတွက် အတိုင်းထက်အလွန် ဝမ်းမြောက်ဂုဏ်ယူပါတယ်။

**တွေ့ဆုံမေးမြန်း- ညိမ်းသူ (သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# (၁၄)ကြိမ်မြောက် အာရှနဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာအသင်း ငွေ ကိုးခု၊ ကြေးသုံးခုနှင့် ထိုင်းရိုးရာလှေလှော်ပြိုင်ပွဲတွင် ငွေနှစ်ခု၊ ကြေးနှစ်ခု ရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၈**

(၁၄)ကြိမ်မြောက် အာရှနဂါးလှေလှော်ပြိုင်ပွဲနှင့် ထိုင်းရိုးရာလှေလှော်ပြိုင်ပွဲတို့တွင် မြန်မာလှေလှော်အားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး စုစုပေါင်းငွေ ၁၁ ခု၊ ကြေးငါးခုဖြင့် နိုင်ငံအလိုက် အဆင့်(၄) ရရှိခဲ့သည်။

**ငွေကိုးခု၊ ကြေးသုံးခု**

အဆိုပါ (၁၄)ကြိမ်မြောက် အာရှနဂါး လှေလှော်ပြိုင်ပွဲကို ထိုင်းနိုင်ငံ ပတ္တရားမြို့တွင် နိုဝင်ဘာ ၁၆ မှ ၂၂ ရက်အထိ ကျင်းပခဲ့ပြီး မြန်မာလှေလှော်အားကစားအဖွဲ့သည် ငွေကိုးခု၊ ကြေးသုံးခုကိုလည်းကောင်း၊ ထိုင်းရိုးရာလှေလှော်ပြိုင်ပွဲကို ဗန်ကောက်မြို့ ကျောက်ဖရားမြစ်တွင် နိုဝင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ငွေနှစ်ခု၊ ကြေးနှစ်ခုကိုလည်းကောင်း ရရှိခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းအသင်း၊ သြစတြေးလျအသင်း၊ ကမ္ဘောဒီးယားအသင်း၊ တရုတ်(တိုင်ပေ)အသင်း၊ ဟောင်ကောင်အသင်း၊ တရုတ်အသင်း၊ အိန္ဒိယအသင်း၊ အင်ဒိုနီးရှားအသင်း၊ မလေးရှားအသင်း၊ မြန်မာအသင်း၊ နီပေါအသင်း၊ စင်ကာပူအသင်း စုစုပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ထိုင်းရိုးရာလှေလှော်ပြိုင်ပွဲ၌ ဖိလစ်ပိုင်အသင်းနှင့် လာအိုအသင်းတို့ ထပ်မံပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံအလိုက် အင်ဒိုနီးရှားအသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ တရုတ်အသင်းက တတိယနှင့် မြန်မာအသင်းက စတုတ္ထရရှိခဲ့ကြောင်း သိရသည်။

မြန်မာအားကစားအဖွဲ့သည် ယမန်နေ့ညတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။



**သတင်းစဉ်**



# အမေရိကန်နိုင်ငံနှင့် အပေါင်းအပါနိုင်ငံများအား တွန်းလှန်တိုက်ဖျက်သွားမည်ဟု အီရန်တာဝန်ရှိသူပြောကြား

**တီဟီရန် နိုဝင်ဘာ ၂၈**

အမေရိကန်နိုင်ငံနှင့် အပေါင်းအပါနိုင်ငံများသည် အီရန်နိုင်ငံအား ရန်လိုနေပြီး နိုင်ငံအတွင်း စည်းလုံးညီညွတ်မှုပြိုကွဲစေရေးအတွက် အကွက်ကျကျကြိုးပမ်းဆောင်ရွက်နေကြောင်းနှင့် ထိုကဲ့သို့သော ကြိုးပမ်းဆောင်ရွက်မှုများကို အီရန်နိုင်ငံက ရင်ဆိုင်တိုက်ဖျက်သွားမည်ဖြစ်ကြောင်း အီရန်အစ္စလာမ့်စစ်တော်လှန်ရေးအစောင့်တပ် တပ်မှူးချုပ် ဟူစိန်ဆလာမီက ပြောကြားသည်။

အမေရိကန်နှင့် အပေါင်းအပါနိုင်ငံများသည် မီဒီယာများအသုံးချကာ အီရန်နိုင်ငံတွင် တင်းမာမှုများဖြစ်လာစေရေးအတွက် ဆောင်ရွက်နေကြကြောင်း ၎င်းက ပြောကြားသည်။ အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့သည် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုရေးရာတို့တွင် အီရန်နိုင်ငံအား လွှမ်းမိုးရန်ကြိုးပမ်းနေကြပြီး ၎င်းတို့၏ အထက်ပါဆောင်ရွက်ချက်များကို မိမိအနေဖြင့် ရှုတ်ချကြောင်း ၎င်းကပြောကြားသည်။

အီရန်နိုင်ငံအား ဖျက်ဆီးရန်ကြိုးပမ်းမှုသည် အောင်မြင်မည်မဟုတ်ဘဲ အမေရိကန်နှင့် အပေါင်းအပါများသာ နောက်ဆုံးတွင် နိဂုံးချုပ်သွားမည်ဟု ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၂၇ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် နိုဝင်ဘာ ၂၈**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၂၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၆၉၅၉ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၅၃ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၄ ဦးထပ်မံတွေ့ရှိခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၃၀၄၁၃ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်တတိယသုံးလအတွင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၆၀ ဒသမ ၈ သန်းရှိလာ

**ဖနောင်ပင် နိုဝင်ဘာ ၂၈**

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်တတိယသုံးလအတွင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၆၀ ဒသမ ၈ သန်းရှိခဲ့ပြီး ပြီးခဲ့သည့်နှစ် အလားတူကာလကထက် ၁၈ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ဇူလိုင်မှ စက်တင်ဘာလအတွင်း နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၅၂၃ ခုကို အတည်ပြုဆောင်ရွက်နိုင်ခဲ့ပြီး ထိုစီမံကိန်းများဆောင်ရွက်ခြင်းဖြင့် ဒေသခံများအား အလုပ်အကိုင် ၄၀၂၇၄ နေရာ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

၎င်းစီမံကိန်းများတွင် ဆိုလာစွမ်းအင်ဆိုင်ရာစီမံကိန်း၊ ကျန်းမာရေး၊ မော်တော်ကားထုတ်လုပ်ရေးနှင့် နိုင်ငံအတွင်းရှိ အထူးစီးပွားရေးဇုန်များ၌ ကုန်ထုတ်လုပ်မှုဆိုင်ရာ စီမံကိန်းများဆောင်ရွက်ခြင်းတို့ပါဝင်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ငြိမ်းချမ်းမှုရှိခြင်းနှင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံသူများက ယုံကြည်မှုခိုင်မာလာပြီး ယခုကဲ့သို့ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ လင်ဟန်းက ပြောကြားသည်။

ထို့ပြင် အထက်ပါရင်းနှီးမြှုပ်နှံမှုများမှနေ၍ နိုင်ငံဖွံ့ဖြိုးရေးအတွက် အရင်းအနှီး၊ နည်းပညာနှင့် နိုင်ငံသားများအတွက် အလုပ်အကိုင်များရရှိလာစေကြောင်း ၎င်းက ပြောကြားသည်။ ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်နှင့် ကမ္ဘောဒီးယား-တရုတ် လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များကလည်း ကမ္ဘောဒီးယားနိုင်ငံအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေပြီး စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် အထောက်အကူပြုကြောင်း ကမ္ဘောဒီးယားနိုင်ငံတော်ဝင်အကယ်ဒမီ၏ တရုတ်နိုင်ငံဆိုင်ရာလေ့လာရေးအင်စတီကျူမှ ညွှန်ကြားရေးမှူးချုပ် ကိုင်ဆီရီဗုက်ကပြောကြားသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# တရုတ်နိုင်ငံ ယန်ဇီမြစ်အတွင်းရှိ ရေနေရှားပါးမျိုးစိတ်ဝင်သတ္တဝါများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့

**ပေကျင်း နိုဝင်ဘာ ၂၈**

တရုတ်နိုင်ငံသည် ယန်ဇီမြစ်အတွင်းရှိ ရေနေရှားပါးမျိုးစိတ်ဝင် သတ္တဝါများကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို အောင်မြင်စွာ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနက နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ဝေလငါးများ၊ လင်းပိုင်များ၊ ကျောရိုးမဲ့ဝေလငါးများစသည့် ရှားပါးရေနေသတ္တဝါမျိုးစိတ်များ ကျက်စားနေထိုင်နိုင်ရန်အတွက် နေရာ ၁၃ ခုကို ယန်ဇီမြစ်ဝှမ်းတွင် တည်ထောင်ခဲ့ကြောင်း ၎င်းဝန်ကြီးဌာန၏ တာဝန်ရှိသူ ကျူရှူဟောင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထိုသို့ တည်ထောင်နိုင်ခဲ့သောကြောင့် ရှားပါးရေနေသတ္တဝါမျိုးစိတ် စုစုပေါင်း ၈၀ ရာခိုင်နှုန်းခန့်ကို ကာကွယ်စောင့်ရှောက်ထားရာ ရောက်ကြောင်း ၎င်းက ပြောကြားသည်။ ၎င်းမျိုးစိတ်များအနက် ယန်ဇီကျောရိုးမဲ့ဝေလငါးများအား ယန်ဇီမြစ်ဝှမ်းရှိ ဇီဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြဒါးတိုင်များဟု တင်စားခေါ်ဆိုကြသည်။

တရုတ်နိုင်ငံအနေဖြင့် ယန်ဇီမြစ်၏ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးကို လွန်ခဲ့သည့်နှစ်များအတွင်းက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အပြင် ငါးဖမ်းဆီးမှုတားမြစ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ တရုတ်နိုင်ငံသည် ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာလတွင် ယန်ဇီမြစ်ကာကွယ်စောင့်ရှောက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယန်ဇီမြစ်၏ ဇီဝမျိုးစုံမျိုးကွဲများ စောင့်ရှောက်ထိန်းသိမ်းရေးအတွက် အထောက်အကူပြုခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၆၄၂ ဦးရှိ

**မနီလာ နိုဝင်ဘာ ၂၈**

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၆၄၂ ဦး ရှိကြောင်းနှင့် ခြင်ကိုက်ခံရခြင်းကြောင့် ဖြစ်ပွားသည့် အဆိုပါရောဂါဖြစ်ပွားခံရသူ အရေအတွက်သည် ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်မှုရှိခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဌာနက ယနေ့ ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဌာန၏ ပြောကြားချက်အရ နိုင်ငံအတွင်း ဇန်နဝါရီ ၁ ရက်မှ နိုဝင်ဘာ ၅ ရက်အထိကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၁၉၆၇၂၈ ဦးရှိကြောင်း သိရသည်။ ဖိလစ်ပိုင်ကျန်းမာရေးဌာန၏ အချက်အလက်များအရ မြို့တော်မနီလာနှင့် အနီးဝန်းကျင်ဒေသများအပါအဝင် လူဇုန်ကျွန်းတို့သည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်ကမူ ဖိလစ်ပိုင်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၆၇၅၃၇ ဦးရှိကာ အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၂၄၇ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဌာန၏ အချက်အလက်များက ဖော်ပြထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့မီးရှို့ဖျက်ဆီးမှုကြောင့် ၂၀၂၂ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အိမ်ခြေ ၂၄၈ လုံး၊ မကွေးတိုင်းဒေသကြီးအတွင်း အိမ်ခြေ ၂၈ လုံး၊ ချင်းပြည်နယ်အတွင်း အိမ်ခြေ ၂၂၀ နှင့် ကချင်ပြည်နယ်အတွင်း အိမ်ခြေ ၃၀ မီးလောင်ပျက်စီးခဲ့

နေပြည်တော် နိုဝင်ဘာ ၂၈

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း ဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အင်ကြင်းကုန်းကျေးရွာအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်နေထိုင်၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း အကြမ်းဖက်မှုကိုမလိုလားသည့် ကျေးရွာသားအချို့က လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်ဆက်သွယ် အကြောင်းကြား သတင်းပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၇ ရက် ၈ နာရီ ၅၀ မိနစ်ခန့်တွင် အဆိုပါကျေးရွာသို့ သွားရောက်၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် ကျေးရွာ၏အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ဆုတ်ခွာသွားစဉ် ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် လူနေအိမ်အလုံး ၄၀ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အင်ကြင်းကုန်းကျေးရွာနှင့် ဆူးပုတ်ချောင်းကျေးရွာတို့ရှိ လူနေအိမ်များအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့သည့် နေရာပြပုံ။


စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အင်ကြင်းကုန်းကျေးရွာရှိ လူနေအိမ်များ မီးလောင်နေစဉ်။


စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ဆူးပုတ်ချောင်းကျေးရွာရှိ လူနေအိမ်များ မီးလောင်နေစဉ်။

အလားတူ ထီးချိုင့်မြို့နယ် ဆူးပုတ်ချောင်းကျေးရွာသို့ နိုဝင်ဘာ ၂၆ ရက် နံနက် ၆ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ ကျေးရွာ၏အနောက်တောင်ဘက်မှ ရောက်ရှိလာပြီး ကျေးရွာသူကျေးရွာသားများအား စုဝေး၍ ရွာပြင်သို့ထွက်ရန် အကြမ်းဖက်ခြိမ်းခြောက်ပြောဆိုပြီး ကျေးရွာအား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့ရာ မီးလောင်မှုကြောင့် လူနေအိမ်အလုံး ၄၀၊ လက်တွန်းထွန်စက်ခြောက်စီး၊ စပါးခြွေလှေ့စက်တစ်လုံး၊ မော်တော်ဆိုင်ကယ် ၂၀၊ မီးစက်နှစ်လုံးနှင့် စပါးများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် ၂၀၂၂ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အိမ်ခြေ ၂၄၈ လုံး၊ မကွေးတိုင်းဒေသကြီးအတွင်း အိမ်ခြေ ၂၈ လုံးနှင့် ချင်းပြည်နယ်အတွင်း အိမ်ခြေ ၂၂၀ နှင့် ကချင်ပြည်နယ်အတွင်း အိမ်ခြေအလုံး ၃၀ ရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည့် မီးဘေးသင့်ပြည်သူများသည် ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဆွေမျိုးများ၏ နေအိမ်များ၌ နေထိုင်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# KNU၊ KNLA မှ အကြမ်းဖက်မှုကိုလိုလားသောအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေ ကားလမ်းတစ်လျှောက် တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၈

KNU၊ KNLA မှ အကြမ်းဖက်မှုကိုလိုလားသောအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်တို့အား တပ်မတော်စစ်ကြောင်းများက ယနေ့တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ဖြစ်စဉ်မှာ KNU၊ KNLA မှ အကြမ်းဖက်မှုကိုလိုလားသောအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေ ကားလမ်းတစ်လျှောက်အား ၂၀၂၂ ခုနှစ် မေလမှစတင်ထိန်းချုပ်၍ အဆိုပါဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။ ထိုသို့ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် အဆိုပါဒေသအား တပ်မတော်စစ်ကြောင်းများက အဆင့်ဆင့်ပြန်လည်ထိန်းချုပ်တိုက်ခိုက်ခဲ့ရာ ယနေ့တွင် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။




ထိုသို့ KNU၊ KNLA မှ အကြမ်းဖက်မှုကိုလိုလားသောအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ကျေးရွာများအတွင်း ဝင်ရောက်နေထိုင်၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်မှုကြောင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိရာ ယခုအခါ တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းလျက်ရှိနေပြီဖြစ်သဖြင့် ထွက်ပြေးတိမ်းရှောင်နေသူများအနေဖြင့် မိမိဒေသသို့ပြန်လည်အခြေချနေထိုင်နိုင်ရေး အသံချဲ့စက်များဖြင့် ကရင်ဘာသာ၊ မြန်မာဘာသာများဖြင့် ဖိတ်ခေါ်လျက်ရှိပြီး ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရေတာရှည်မြို့နယ်၌ မြို့နယ်အဆင့်လူရည်ချွန်စာမေးပွဲ စစ်ဆေး

ရေတာရှည် နိုဝင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် အခြေခံပညာဦးစီးဌာန၏စီမံမှုဖြင့် မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေး စာမေးပွဲစစ်ဆေးခြင်းကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ရေတာရှည်)၌ ကျင်းပသည်။

အဆိုပါ လူရည်ချွန်စာမေးပွဲ စစ်ဆေးခြင်းသည် ကျောင်းသား ကျောင်းသူများ ထူးချွန်ထက်မြက်လာစေရန်၊ တွေးခေါ်မှုမြင့်မားလာစေရန်၊ ဘက်စုံပညာထူးချွန်သည့် ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းသို့ စစ်ဆေးဆောင်ရွက်ရာတွင် ရေတာရှည်မြို့နယ် အခြေခံပညာကျောင်းများရှိ Grade – 9 မှ ကျောင်းသား ကျောင်းသူ ၁၂ ဦး၊ Grade – 10 မှ ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ Grade – 11မှ ကျောင်းသား ကျောင်းသူ ၁၄ ဦးဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။ ရေတာရှည်(မြန်/ဆက်)



# လူမှုကာကွယ်စောင့်ရှောက်ရေး - စာရွက်မှတ်တမ်းမှသည် ဒစ်ဂျစ်တယ်စနစ်ဆီသို့

စန်းစန်းအေး(ကျန်းမာရေးဘောဂဗေဒ)

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟာ “လူ့ဂုဏ်သိက္ခာ အပြည့်အဝရရှိနိုင်မယ့် လူမှုအသိုက်အဝန်းတစ်ရပ်ပေါ်ပေါက်လာစေရေးနဲ့ အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့မှုရှိတဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းတွေနဲ့ ပြည်သူလူထု လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်စေရေး” မူဝါဒနဲ့အညီ ပြည်သူလူထုအတွင်း ထိရောက်တဲ့ လူမှုရေးပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ဝန်ဆောင်မှုတွေကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။**

မြန်မာနိုင်ငံရဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ စီမံချက်မှာ အဓိက လုပ်ငန်း (Flag Ship Program) ရှစ်ရပ် ပါဝင်ပြီး အားလုံးအကျုံးဝင်စေသော ချဉ်းကပ်မှု (Universal approach ) နဲ့ ဆောင်ရွက်ဖို့ ရေးဆွဲထားရှိပါတယ်။

လူမှုကာကွယ်စောင့်ရှောက်ရေး အဓိကလုပ်ငန်း ရှစ်ရပ်မှာ–

(၁) ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များကို ထောက်ပံ့ငွေ ပေးအပ်ခြင်း (ကလေးဘ၀အစ ရက် ၁၀၀၀ အတွင်း အာဟာရပြည့်ဝစေရန် ထောက်ပံ့ခြင်း)၊

(၂) အသက် သုံးနှစ်မှ (၁၅) နှစ်အထိ ကလေးသူငယ်များကို ထောက်ပံ့ခြင်း၊

(၃) မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေ ပေးအပ်ခြင်း၊

(၄) ကျောင်းတွင်း အာဟာရကျွေးမွေးသော အစီအစဉ်များ ဆောင်ရွက်ခြင်း၊

(၅) အများပြည်သူ အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရေး အစီအစဉ်များဆောင်ရွက်ခြင်း၊

(၆) လူမှုရေးပင်စင် အစီအစဉ်ဆောင်ရွက်ခြင်း၊

(၇) သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေး အဖွဲ့များအား ထောက်ပံ့ခြင်း၊

(၈) ဘက်စုံ လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုတို့ ဖြစ်ပါတယ်။

မဟာဗျူဟာစီမံချက်ပါ အဓိကလုပ်ငန်းတွေကို အဆင့်အလိုက် အကောင်အထည်ဖော်သွားခြင်းဖြင့် ပြည်သူလူထုအတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သာတူညီမျှဖြစ်ရေး၊ လူမှုသဟဇာတဖြစ်ရေးစတဲ့ အပေါင်းလက္ခဏာဆောင်တဲ့ တိုးတက်မှုတွေ ရေရှည်မှာ ရရှိလာနိုင်မှာဖြစ်ပါတယ်။

ဖော်ပြပါလုပ်ငန်းရှစ်ရပ်အနက် ဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ လူမှုဝန်ထမ်းဦးစီးဌာနက အမှတ်စဉ် (၁)၊ (၆)၊ (၇)နဲ့ (၈) တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**တိကျတဲ့ကိန်းဂဏန်းအချက်အလက်အပေါ် အခြေခံပြီး သုတေသနပြုခြင်း**

ကဏ္ဍလေးရပ်အနက် လူမှုရေးပိုင်းဆိုင်ရာရင်းနှီး မြှုပ်နှံခြင်းအတွက် ငွေကြေးထောက်ပံ့ခြင်းကဏ္ဍ နှစ်ရပ်ဖြစ်တဲ့ အမှတ်စဉ် (၁)နဲ့ (၆)၊ ဘက်စုံလူမှု ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုအဖြစ် လူမှု ဖြစ်ရပ် စီမံခန့်ခွဲမှုစနစ် တည်ထောင်ရေးကဏ္ဍတို့ အတွက် စာရွက်မှတ်တမ်းတွေ ထိန်းသိမ်းခြင်း၊ လွှဲပြောင်းခြင်း၊ လူပုဂ္ဂိုလ်တွေရဲ့ ကိုယ်ရေးအချက် အလက်တွေဖြစ်၍ လုံခြုံစွာထိန်းသိမ်းဖို့ လိုအပ် ခြင်း၊ သတင်းအချက်အလက်တွေ ခွဲခြမ်းစိတ်ဖြာ၍




မူဝါဒပိုင်းဆိုင်ရာ အကြံပြုချက်တွေနဲ့ တိကျတဲ့ ကိန်းဂဏန်းအချက်အလက်အပေါ် အခြေခံပြီး သုတေသနပြုခြင်းတွေကို ဆောင်ရွက်ဖို့လည်း လိုအပ်လျက်ရှိပါတယ်။

**အကျိုးခံစားခွင့်ရှိသူ ၇၀၀၀၀၀ နီးပါးခန့်ရှိ**

လူမှုသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Social Management Information System–SMIS)ကို ၂၀၁၇ ခုနှစ်မှာ Microsoft Excel နဲ့သာ ထည့်သွင်းပြီး စီမံခန့်ခွဲမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ စနစ်ရဲ့အစမှာ ငွေကြေးထောက်ပံ့မှုပေးခြင်းကဏ္ဍ နှစ်ရပ်အတွက် အကျိုးခံစားခွင့်ရှိသူ ဦးရေဟာ ၅၀၀၀၀ ခန့်သာရှိပေမယ့် ၂၀၂၂ ခုနှစ်မှာ အကျိုး ခံစားခွင့်ရှိသူ ၇၀၀၀၀၀ နီးပါးခန့်ရှိလာတဲ့ အတွက် SMIS Software ရေးဆွဲပြီး သတင်းအချက် အလက်တွေကို စနစ်တကျစီမံခန့်ခွဲဖို့ လိုအပ်လျက် ရှိပါတယ်။

ထိုနည်းတူစွာ လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုမှာလည်း ဖြစ်ရပ်အရေအတွက်တွေမှာ အစပိုင်းမှာ ၅၀၀ ခန့် သာရှိရာကနေ ၂၀၂၂ ခုနှစ်မှာ ၅၀၀၀ ကျော်အထိ ရှိလာတဲ့အတွက် SMIS စနစ်အောက်မှာ Case Management Information System– CMIS ကို လည်း ဆော့ဖ်ဝဲရေးဆွဲပြီး ဒစ်ဂျစ်တယ်စနစ်ကို ကူးပြောင်းဖို့ လိုအပ်လျက်ရှိပါတယ်။

**နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုနဲ့ SMIS Software ရေးသားခြင်း**

တပ်မတော်သတင်းနည်းပညာဌာနမှ ပညာရှင် တွေရဲ့ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုနဲ့ SMIS Software ရေးသားခြင်းကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ စတင်ရေးသားခဲ့ရာ ယခုအခါ လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (CMIS) Softwareကို စမ်းသပ်အသုံးပြုနေပြီဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ တစ်နိုင်ငံလုံးအတိုင်းအတာ နဲ့ ပေးအပ်လျက်ရှိတဲ့ လူမှုရေးပင်စင်၊ တိုင်းဒေသ ကြီး / ပြည်နယ် ခုနစ်ခုမှာ ပေးအပ်လျက်ရှိတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ၎င်းတို့မှ မွေးဖွားတဲ့ အသက်နှစ်နှစ်အောက် ကလေးသူငယ်တွေကို ထောက်ပံ့ပေးခြင်း အစီအစဉ်နှစ်ရပ်အတွက်လည်း

**“ လူမှုသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Social Management Information System-SMIS)ကို ၂၀၁၇ ခုနှစ်မှာ Microsoft Excel နဲ့သာ ထည့်သွင်းပြီး စီမံခန့်ခွဲမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ စနစ်ရဲ့အစမှာ ငွေကြေးထောက်ပံ့မှုပေးခြင်းကဏ္ဍ နှစ်ရပ်အတွက် အကျိုး ခံစားခွင့်ရှိသူ ဦးရေဟာ ၅၀၀၀၀ ခန့်သာရှိပေမယ့် ၂၀၂၂ ခုနှစ်မှာ အကျိုး ခံစားခွင့်ရှိသူ ၇၀၀၀၀၀ နီးပါးခန့်ရှိလာတဲ့ အတွက် SMIS Software ရေးဆွဲပြီး သတင်းအချက်အလက်တွေကို စနစ်တကျစီမံခန့်ခွဲဖို့ လိုအပ် လျက်ရှိပါတယ် ”**

ဆော့ဖ်ဝဲတွေကို ရေးဆွဲလျက်ရှိပါတယ်။

၂၀၂၂ ခုနှစ် စက်တင်ဘာလမှာ တပ်မတော် သတင်းနည်းပညာဌာန ပညာရှင်တွေနဲ့ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တာဝန်ရှိသူတို့က အာရှနဲ့ သမုဒ္ဒရာဒေသရှိ သတင်းအချက်အလက် နည်းပညာ ဆိုင်ရာ အသင်းချုပ် (Asian Oceanian Computing Industry Organization –ASOCIO) က ASOCIO အဖွဲ့ဝင်နိုင်ငံတွေမှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ နည်းပညာအသုံးပြု ပြည်သူ့ အကျိုးပြုလုပ်ငန်းတွေ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း အကြောင်းကြားလာပါတယ်။ ASOCIO ဟာ ၂၀၁၄ ခုနှစ်မှာ Digital Government Award အပါအဝင် ဆုအမျိုးအစား သုံးမျိုးကိုသာ ပေးခဲ့ပေမယ့် ၂၀၂၂ ခုနှစ်မှာ ASOCIO Digital Government Award အပါအဝင် ဆုအမျိုးအစား ရှစ်မျိုးကို ပါဝင်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

**လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနက တပ်မတော်သတင်း နည်းပညာဌာနနဲ့ မြန်မာနိုင်ငံကွန်ပျူတာအသင်း ချုပ်တို့ရဲ့ ပံ့ပိုးကူညီမှုနဲ့ နိုင်ငံအတွင်း အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ နည်းပညာ အသုံးပြု ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်ဖြစ်တဲ့ “လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်” (Case Management Information System–CMIS) ကို ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ASOCIO Digital Government Award ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့မှာ ရရှိခဲ့ပါတယ်။

CMIS ကို Software Platform အဖြစ် အသွင် ကူးပြောင်း ဆောင်ရွက်မှာဖြစ်တဲ့အတွက် လူမှု ဖြစ်ရပ် စီမံခန့်ခွဲမှုအစီအစဉ်မှာ ကာကွယ် စောင့်ရှောက်ဖို့လိုအပ်တဲ့ ကလေးသူငယ်တွေ၊ဥပဒေ နဲ့ ငြိစွန်းလျက်ရှိတဲ့ ကလေးသူငယ်တွေ၊ ရုပ်ပိုင်း ဆိုင်ရာနဲ့ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်း ခံရသူ ကလေးသူငယ်တွေ၊ ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်တွေ၊ လူကုန်ကူးခံရသူ ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေရဲ့ ဖြစ်ရပ်တွေ ကို အရင်က စာရွက်မှတ်တမ်းသာ သိမ်းဆည်းရာ ကနေ အခုအခါ ဒစ်ဂျစ်တယ်မှတ်တမ်းကိုပါ သိမ်းဆည်းပြီး ဒစ်ဂျစ်တယ်စနစ်ကို တဖြည်းဖြည်း ကူးပြောင်းသွားမှာဖြစ်ပါတယ်။

Digital Platform ကိုပြောင်းလဲအသုံးပြုခြင်းဖြင့် လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ပါ လုပ်ငန်းစဉ်တွေကို စနစ်တကျဆောင်ရွက်နိုင်ပြီး ဖြစ်ရပ်တွေကို အစိုးရ အဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း တွေအကြား လွှဲပြောင်းချိတ်ဆက်နိုင်မှာဖြစ်တဲ့ အပြင် ဖြစ်ရပ်အလိုက်မှတ်တမ်းတင်နိုင်ခြင်း၊ အချိန် နဲ့တစ်ပြေးညီ ကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ အချက်အလက်တွေကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာနိုင် ပြီး အချက်အလက်(Data)မှ သတင်းအချက်အလက် (Information) ကို လည်းကောင်း၊ ယင်းမှတစ်ဆင့် မူဝါဒ အဆိုပြုချက် (Policy input) တွေအထိ ပေးဆောင်နိုင်ပြီး ပြည်သူလူထုအတွင်း လူမှု ဝန်ဆောင်မှုတွေကို ထိရောက်စွာဆောင်ရွက်နိုင်မယ့် အကျိုးကျေးဇူးတွေ ရရှိလာမှာဖြစ်ကြောင်း စာရွက် မှတ်တမ်းမှ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းမှု milestone ကို မှတ်တမ်းတင်အပ်ပါတယ်။ ။

**“ CMIS ကို Software Platform အဖြစ် အသွင်ကူးပြောင်းဆောင်ရွက်မှာဖြစ်တဲ့အတွက် လူမှုဖြစ်ရပ် စီမံခန့်ခွဲမှုအစီအစဉ်မှာ ကာကွယ်စောင့်ရှောက်ဖို့လိုအပ်တဲ့ ကလေးသူငယ်တွေ၊ ဥပဒေနဲ့ ငြိစွန်းလျက်ရှိတဲ့ ကလေးသူငယ်တွေ၊ ရုပ်ပိုင်းဆိုင်ရာနဲ့ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းခံရသူ ကလေးသူငယ်တွေ၊ ကျား/မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်တွေ၊ လူကုန်ကူးခံရသူ ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေရဲ့ ဖြစ်ရပ်တွေကို အရင်က စာရွက်မှတ်တမ်းသာ သိမ်းဆည်းရာကနေ အခုအခါ ဒစ်ဂျစ်တယ်မှတ်တမ်းကိုပါ သိမ်းဆည်းပြီး ဒစ်ဂျစ်တယ်စနစ်ကို တဖြည်းဖြည်းကူးပြောင်းသွားမှာဖြစ် ”**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁၁-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၀၀ | ၁၉၄၅ | ၁၉၄၀ | ၁၉၁၀ | ၁၉၄၅ | ၁၉၇၀ | ၁၉၅၅ | ၁၉၃၀ | ၂၀၂၅ | ၂၀၄၀ | ၁၉၄၀ | ၁၉၄၅ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၅ | ၂၂၀၅ | ၂၉၂၀ |
| 95 Ron | ၂၀၀၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၅ | ၂၁၃၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၅ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၀၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၂၉၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၅ | ၂၅၉၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၃၆၅ | ၂၄၁၀ | ၂၄၁၀ | ၂၃၇၀ | ၂၄၁၀ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၀၀ | ၂၄၁၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၅၀ | ၂၆၆၅ | ၃၆၆၅ |
| HSD (10 ppm) | ၂၃၆၅ | ၂၄၁၀ | ၂၄၁၀ | ၂၃၇၀ | ၂၄၁၀ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၀၀ | ၂၄၁၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၅၀ | ၂၆၆၅ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၀၅ | ၁၈၇၄ |
| 95 Ron | ၁၉၀၅ | ၁၉၇၇ |
| HSD (500 ppm) | ၂၁၈၁ | ၂၂၅၄ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၃၀ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ရခိုင်ပြည်နယ် ချေးငွေအကြံပေးအဖွဲ့ (၁/၂၀၂၂)အစည်းအဝေး ကျင်းပ

စစ်တွေ နိုဝင်ဘာ ၂၈

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အချိန်စေ့လွန် ကြွေးကျန်များကောက်ခံရေး၊ ချေးငွေထုတ်ချေးရေးနှင့် ပတ်သက်၍ ရခိုင်ပြည်နယ် ချေးငွေအကြံပေးအဖွဲ့(၁/၂၀၂၂)အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### သတ်မှတ်ကာလအတွင်း ပေးဆပ်ရန်လို

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ် ချေးငွေအကြံပေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က နိုင်ငံတော်၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးစနစ်ဖြစ်သည့်အတွက်ကြောင့် လယ်ယာစိုက်ပျိုးရေးကို စဉ်ဆက်မပြတ်လုပ်ဆောင်နေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်များ၊ သွင်းအားစုများလိုအပ်ကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေဖြင့် ဝယ်ယူရသည့်အတွက်ကြောင့် လယ်သမားများထံသို့ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီထုတ်ချေးပေးနိုင်ရေးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ တောင်သူလယ်သမားများအနေဖြင့်လည်း ချေးငွေများကို သတ်မှတ်ကာလအတွင်း ပေးဆပ်ရန်လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ အချိန်စေ့ကြွေးကျန်များကို ပြန်လည်ကောက်ခံရရှိရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရခိုင်ပြည်နယ်ဘဏ်ခွဲမန်နေဂျာ ဦးဘကျော်တင်က နှစ်စဉ်ချေးငွေထုတ်ချေးမှု၊ အချိန်စေ့လွန်ကြွေးကျန်များဖြစ်ပေါ်နေမှုနှင့် ပြန်လည်ကောက်ခံနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ချေးငွေအကြံပေးအဖွဲ့ဝင်များက အချိန်စေ့လွန်ကြွေးကျန်များ ပြန်လည်ကောက်ခံရရှိရေးအတွက် ဌာနအလိုက်ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

ငွေကြယ်

## ပေါင်မြို့နယ် ရွှေချမ်းသာ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းဖွဲ့စည်း

ပေါင် နိုဝင်ဘာ ၂၈

မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်တောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများစုပေါင်း၍ ရွှေချမ်းသာ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက် ဖွဲ့စည်းခြင်းအစည်းအဝေးကို အဆိုပါကျေးရွာရှိ ရွာလယ်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။ အစည်းအဝေးသို့ မြို့နယ်အဆင့်ဖွဲ့စည်းရေးကော်မတီနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများနှင့် အသင်းသား အသင်းသူများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ဆောင်ရွက်၍ အသင်းဖွဲ့စည်းရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖွဲ့စည်းပေးခဲ့ပြီး အသင်းအမည်ရွေးချယ်ခြင်း၊ အသင်းစည်းကမ်းအတည်ပြုခြင်း၊ အများဆန္ဒနှင့်အညီ အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်ခြင်း၊ တာဝန်ခွဲဝေသတ်မှတ်ခြင်းနှင့် အသင်းဖွဲ့စည်းရေးလုပ်ငန်းစဉ်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မော်လမြိုင်မြို့၌ ကျောင်းသားလူငယ်များ စာဖတ်ရှိန်တိုးတက်မြင့်မားလာစေရေး စာသင်ကျောင်းများအရောက် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေး

မော်လမြိုင် နိုဝင်ဘာ ၂၈

မော်လမြိုင်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပညာရေးဌာနနှင့် ပူးပေါင်းကာ မအားလပ်၍



စာကြည့်တိုက်သို့ မလာရောက်နိုင်သော အနာဂတ်ကြယ်ပွင့် ကလေးငယ်များ ဘဝအလင်းထွန်းတောက်လာစေဖို့ စာသင်ကျောင်းများ အရောက်သွားရောက်၍ စာပေနှင့် အဆက်မပျက်စေရေး၊ အချိန်မကုန်လူမပင်ပန်းစေဘဲ စာအုပ်စာစောင်များ အဆင်ပြေပြေငှားရမ်းဖတ်ရှုနိုင်ရေး၊ စာဖတ်ရှိန်ပိုမိုမြင့်မားလာစေရေးတို့အတွက် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ သုတ၊ ရသ စာအုပ်စာစောင်မျိုးစုံယူဆောင်၍ သွားရောက်ငှားရမ်းပေးခဲ့သည်။

ထိုသို့ စာအုပ်များငှားရမ်းပေးရာတွင် ရုပ်ပြနှင့် အသိပညာဗဟုသုတများစွာရရှိမည့် သုတ/ရသ စာအုပ်စာစောင်များ စုံလင်စွာ ငှားရမ်းပေးခဲ့ပြီး ငှားရမ်းပေးခဲ့သော စာအုပ်များကို နှစ်ပတ်လျှင် တစ်ကြိမ် လဲလှယ်စနစ်ဖြင့် ငှားရမ်းပေးရာ စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးဝန်ထမ်းများသည် အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူလူငယ်များ စာဖတ်ရှိန်မြင့်မားရေးနှင့် ပြင်ပဗဟုသုတများ တိုးပွားလာစေရေး စိတ်ဓာတ်ခွန်အားဖြစ်စေသော စာပေများ၊ ဗဟုသုတဖြစ်စေသော စာအုပ်၊ စာစောင်များကို ဖတ်ရှုစေခြင်းဖြင့် စာဖတ်ရှိန်များ မြင့်မားလာစေရန်၊ ပြင်ပဗဟုသုတများ တိုးပွားလာစေရန်၊ စာပေချစ်မြတ်နိုးသူများဖြစ်လာစေရန် အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်စေရေး၊ စာဖတ်သည့်အလေ့အကျင့်များမှ စာပေချစ်သူများဖြစ်လာစေရေး၊ ပညာတတ်သားကောင်းရတနာများဖြစ်လာစေရေးတို့အတွက် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၆၈၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၆၈၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၉) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၄၈,၆၉၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၁၉၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၇,၇၀၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦးရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၇) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



## ယန်းလောခေတ်မီစံပြကျေးရွာ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ကျိုင်းတုံ နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယန်းလောခေတ်မီစံပြကျေးရွာရှိကျေးလက်နေပြည်သူများ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

### ရှင်းလင်းပြောကြား

ရေးဦးစွာ ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်စည်းစိမ်ထိုက်က ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်ထွန်းက မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာဗဟုသုတများကိုလည်းကောင်း၊ ဒုရဲမှူးအောင်ကျော်ဇင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော တာဝန်ရှိသူများက ကျေးရွာသူ ကျေးရွာသားများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

၂၂၂

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ သီရိမင်္ဂလာဥသျှစ်ကုန်းကျောင်းတိုက်နှင့် ဥတ္တရသီရိမြို့နယ်ရှိ အေးမြသာယာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာ ပညာရေးစင်တာ(IBEC)၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မဟာဓမ္မိကာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဘီးလင်းတိုက်သစ်ပရိယတ္တိစာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိအောင်ရာဇာပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ဥက္ကံသာရာမရွှေကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ တိပိဋကာလင်္ကာရပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ မဟာဂန္ဓဝင်အုန်းတောကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ သာသနဝိပုလာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ မြင်းဝန်မင်းကြီးကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဇောတိကာရာမပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ မန်အိုင်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးမှုသင်တန်းများ လျှောက်ထားနိုင်

ရန်ကုန် နိုဝင်ဘာ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)တွင် အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် သုံးလသင်တန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်း၊ ကွန်ပျူတာသင်တန်းများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းများသို့ တက်ရောက်လိုသူများသည် အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၉၆၆၁၇၂၊ ၀၉-၂၅၀၄၀၂၃၉၂ နှင့် ၀၉-၄၂၁၁၁၀၈၆၇ တို့သို့ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများအား သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း နေထိုင်ရေး၊ စားသောက်ရေးများ စီစဉ်ပေးပြီး သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော ခရီးစရိတ်နှင့် အပြန်ခရီးစရိတ်တို့ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## သီပေါ-ပန်လုံ-မန်စံ-နမ္မတူသွားလမ်းရှိ သီပေါမြို့တွင်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်

သီပေါ နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် သီပေါ-ပန်လုံ- မန်စံ- နမ္မတူသွားလမ်းရှိ သီပေါမြို့တွင်း ၄ ဒသမ ၅ ဖာလုံ နိုင်လွန်ကတ္တရာ (AC)လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။



အဆိုပါ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်ကာလအတွင်း မိုင်းပွန်လမ်းအတိုင်း အကောင်းကြိုက်ထမင်းဆိုင်ထောင့်မှ သီပေါမြို့မရဲစခန်းရှေ့ထိ ယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် မော်တော်ဆိုင်ကယ်များ သတ်မှတ် စီစဉ်ပေးထားသည့် လမ်းလွှဲမှ သွားလာရမည်ဟု သိရသည်။ ဒီဇင်ဘာ ၁ ရက်တွင် အသိပေးလမ်းညွှန် ဆိုင်းဘုတ်များကို လိုက်လံစိုက်ထူပြီး ဒီဇင်ဘာ ၄ ရက် ညနေပိုင်းတွင် လမ်းစတင်ပိတ်ထားကာ ဒီဇင်ဘာ ၅ ရက်မှ ၂၀ ရက်အထိ အောက်လွှာခင်းသွားမည်ဖြစ်သည်။ ဒီဇင်ဘာ ၂၁ ရက်မှ ၂၈ ရက်အထိ ယာယီလမ်းပြန်ဖွင့်ပြီး ယာဉ်ငယ်များသာ သွားလာခွင့်ပြုမည် ဖြစ်သည်။ ထို့နောက် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ လမ်းပြန်ပိတ်ပြီး လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါနိုင်လွန်ကတ္တရာ AC ခင်းခြင်းလုပ်ငန်းနှင့် ပတ်သက်ပြီး ချောမောစွာ ပြီးစီးနိုင်ရေးနှင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း အများပြည်သူတို့ သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန် လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ပိုးအိအိစိုးက မြို့နယ်ရပ်ကွက်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ စာနယ်ဇင်းမီဒီယာနှင့် မြို့မိမြို့ဖများတွေ့ဆုံ၍ ရှင်းလင်းတင်ပြခဲ့သည်။

၂၁၀

# ထိပ်တန်းသို့ရောက်လိုသူ၏စိတ်ထား

**ပီမိုးနင်း**

**ကြီးပွားသူနှင့် မကြီးပွားသူ၏ ကွာခြားချက်**

လူမှန်သမျှ၏ စိတ်၌ မျှော်လင့်ခြင်းသည် သေသည့်တိုင်အောင် ရှိမြဲဖြစ်လေသည်။ မည်သူမျှ မိမိကိုယ်ကို အမြဲဆင်းရဲအောက်ကျ၍နေလိမ့်မည်ဟု မယုံကြည်။ တစ်နေ့သ၌ အချက်ပေါ်မှာပဲ၊ အကြံအစည်တစ်ခုခု အထမြောက်မှာပဲဟု ယုံကြည်လေ့ရှိကြလေသည်။

သို့ ယုံကြည်မျှော်လင့်ကြသည့်အတိုင်း ဖြစ်မြောက်ကြပါမည်လားဟုမေးလျှင် ဖြစ်မှာပဲဟူ၍ပင် ဖြေကြပေလိမ့်မည်။ သို့သော်လည်း ဖြစ်အောင် ထိထိရောက်ရောက် ဘာကိုလုပ်ပါသလဲဟူ၍ မေးလျှင်ကား အများအားဖြင့် ရိုးမှန်စွာဖြေဖို့ရန် ခက်ပေလိမ့်မည်။

အဘယ်သောအခါ ဖြစ်မြောက်အောင်မြင်ရန် အခြေအနေ သိသိသာသာ ပြောင်းလဲပါမည်နည်းဟု မေးလျှင်လည်း ရိုးမှန်စွာ ဖြေနိုင်မည်မဟုတ်ပေ။ ထိုကဲ့သို့ ထိထိရောက်ရောက် မှန်ကန်စွာ မဖြေနိုင်ကြသော်လည်း မိမိတို့ကိုယ်ကို တစ်ခုခုဖြစ်မြောက်အောင်မြင်မှာပဲဟူသော ယုံကြည်ခြင်းကား တကယ်လိုဖြစ်၍နေလေသည်။

ထိုလူမျိုးတို့အတွက် ထိုမျှော်လင့်ချက်မရှိကသာ၍ကောင်းပေလိမ့်မည်။ အကြောင်းမူကား ထိုမျှော်လင့်ချက်မရှိက ပူပင်ကြောင့်ကြသောစိတ်ကြောင့် ထကြွလုံ့လနှင့် တစ်ခုခုကို လုပ်ရပေမည်။ ထိုမျှော်လင့်ချက်ကား ပူပင်ကြောင့်ကြခြင်း ကင်းမဲ့ရုံမျှ မိမိတို့ကိုယ်ကို လှည့်စားသကဲ့သို့ဖြစ်လေသည်။ သို့လှည့်စားသောစိတ်ကြောင့် မပူလည်းမပူ၊ ဘာကိုမျှလည်း ထိထိရောက်ရောက်မလုပ်။ အေး၍နေကြလေရာ ထိုလူမျိုးမှာ ဘယ်နည်းဖြင့် တစ်စုံတစ်ရာ သိသိသာသာပြောင်းလဲခြင်းဖြစ်ပါမည်နည်း။ ပြောင်းလဲခြင်း မဖြစ်က အဘယ်နည်းဖြင့် ကြီးပွားနိုင်ပါမည်နည်း။

သို့ဖြစ်လေရာ ငါ သည်လိုချည်း အမြဲနေမှာ မဟုတ်ဘူးဟု ယုံကြည်မျှော်လင့်နေသူတို့မှာ အောက်ပါအချက်များကို ဂရုပြုကြရမည်။

ထိုအချက်များကား ငါသည် တစ်နေ့သ၌ ဟန်လိမ့်မည်ဟု မျှော်လင့်၍နေ၏။ မျှော်လင့်ချက်အတိုင်း ဖြစ်မြောက်အောင် ငါ ဘာကိုထိထိရောက်ရောက်လုပ်ပါသလဲ။ ငါသည် မျှော်လင့်ရုံ မျှော်လင့်၍နေသူအား မျှော်လင့်သည့်အတိုင်း မဖြစ်မှာကို တွေးခေါ်စိုးရိမ်ပါလား။ မျှော်လင့်ယုံကြည်လောက်သောအခြေအနေ လုံလောက်ပါ၏လား။ မျှော်လင့်သည့်အတိုင်း ဖြစ်မြောက်အောင် တစ်စုံတစ်ရာကို လုပ်လျှင် ထိုလုပ်သောအရာသည် အမှန်အကျိုးရှိပါမည်လား။ လုပ်သောအရာတစ်မျိုးတည်းရှိသလား။ အမျိုးများသလား။ ငါလုပ်သောအရာများ၌ ငါသည် တကယ်စွဲမြဲ၍ အစကအဆုံးတိုင် ပေါက်ရောက်အောင် ကြိုးစားပါ၏လား။ တစ်ပိုင်းဖြစ်အလုပ်တွေ အဘယ်လောက်များသလဲ။ သူတစ်ပါးကို အားကိုး၍နေသလား။ အမွေကို မျှော်လင့်၍နေသလား။ ရမည့်ကြွေးမြီကို စောင့်၍နေသလား ဟူသောအချက်များဖြစ်ကြလေသည်။

အထူးသဖြင့် သတိထားရမည့်အချက်ကား တစ်ပိုင်းဖြစ်အလုပ်တွေ များလေလေ မဖြစ်နိုင်လေလေ မှတ်ရမည်။ ကြီးပွားမည့်သူနှင့် မကြီးပွားမည့်သူမှာ ခြားနားခြင်းတစ်ခုရှိလေသည်။

ထိုခြားနားခြင်းကား ကြီးပွားဖြစ်ထွန်းမည့်လူမှာ တစ်ခုခုကိုလုပ်လိုသည့်အခါဖြစ်စေ၊ အတတ်တစ်ခုခုကို သင်လိုသည့်အခါဖြစ်စေ အကျိုးဖြစ်မည်၊ မဖြစ်မည်ကို စဉ်းစား၏၊ စုံစမ်း၏၊ တိုင်ပင်သင့်သူကို တိုင်ပင်၏။ စိတ်ကိုနိုင်၍လုပ်သောအခါ အစမှအဆုံးတိုင်အောင် လုပ်လေ့ရှိလေသည်။ စ၍လုပ်ပြီးမှ နေရာကျမည့်အလုပ် မဟုတ်ပါဘူးဟူသော ဆင်ခြေတစ်ခုခုဝင်ရောက်သဖြင့် တစ်ပိုင်းဖြစ်ရပ်၍ထားလေ့ရှိသူသည် အဘယ်သောအခါမျှ ကြီးပွားအောင်မြင်မည့်သူမဟုတ်ပေ။

သို့ဖြစ်လေရာ ငါ ကြီးပွားမည့်သူလား၊ မကြီးပွားမည့်သူလားဟုသိလိုက ငါသည် တစ်ပိုင်းဖြစ်လုပ်တတ်သူလား၊ စိတ်လျှော့တတ်သလားဟု မေးရမည်။

ကြီးပွားမည့်သူသည် အကျိုးမများသော အလုပ်တစ်ခုခုကို စ၍လုပ်မိရာ လမ်းခုလတ်ကျမှ အကျိုးမရှိမှန်းသိက လျှော့၍မပစ်။ မိမိကိုယ်ကို ဒဏ်ပေးသောအနေဖြင့် ထိုအလုပ်ကို အဆုံးတိုင်လုပ်၏။ ထိုအတွင်း အခြားအကျိုးရှိမည့် အလုပ်တစ်ခုခုကို စ၍လုပ်လေ့ရှိသည်။ နောက်ဆုံး၌ အကျိုးရှိမည်မထင်ရသော အလုပ်သည်လည်း အဆုံးသို့ရောက်သည့်အခါ အသက်မွေးလမ်း၌ ကြီးသောအကူအညီတစ်ခု ဖြစ်နိုင်လေသည်။ သို့ဖြစ်လေရာ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ စမိလျှင် မစွန့်ရ။ ထိုလူမျိုးမှာ ခွေးဘီလူးစိတ်မျိုးဖြစ်ရာ မကြီးပွားလျှင် မနေနိုင်သောစိတ်မျိုးပေတည်း။

**ဘားမားဂျာနယ်၊ နံပါတ် ၁၉၊**

**သီတင်းကျွတ်လဆုတ် ၁၁ ရက်၊ ၁၂၉၈**

■

# နယ်ပယ်အသစ်များကို လက်ခံပိုက်ထွေးပါ

**အောင်မြတ်စည်သူ**

ကံကောင်းထောက်မစွာပင် ကျွန်တော်တို့အားလုံးအတွက် နယ်ပယ်သစ်များ ပွင့်လာနေပေသည်။ ကျွန်တော်တို့နိုင်ငံနှင့် ကမ္ဘာလောကကြီးသည် သတင်းပညာပေးခေတ်ကာလအတွင်းသို့ ဝင်ရောက်နေသောကြောင့် လူနေမှုပုံစံဟောင်းများ လွင့်ပါးပျောက်ကွယ်သွားပြီဖြစ်သည်။

စီးပွားရေးဆောင်းပါးရေးဆရာ ဂျွန်ဟွေး၏ဆောင်းပါးတစ်ပုဒ်သည် ၁၉၉၄ ခုနှစ် ဇွန်လ ၂၇ ရက်နေ့ထုတ် Fortune မဂ္ဂဇင်းတွင်ပါရှိခဲ့သည်။ ယင်းတွင် ဟွေးက အောက်ပါအတိုင်းသုံးသပ်ခဲ့သည်။

ခင်ဗျား ပါတီပွဲတစ်ခုကို သွားနေတယ်ဆိုပါစို့၊ အဲဒီတော့ ခင်ဗျားအိတ်ထဲနှိုက်၊ ငွေအကြွေလေးတွေထုတ်ပြီး ဖွင့်လိုက်တဲ့အခါ ဟတ်ပီဘတ်ဒေးတေးသွားလေးမြည်တဲ့ နှုတ်ဆက်ကတ်လေး ဝယ်လိုက်တယ်။ ပါတီပွဲပြီးတော့ အဲဒီကတ်ကို တစ်ယောက်ယောက်က အလွယ်တကူပဲ အမှိုက်ပုံးထဲ ပစ်ထည့်လိုက်တယ်။ အဲဒီကတ်ပြားနဲ့အတူ ၁၉၅၀ ပြည့်နှစ် မတိုင်ခင်ကာလ ကမ္ဘာတစ်ဝန်းလုံးမှာရှိခဲ့သမျှ ကွန်ပျူတာစွမ်းရည်တွေထက်မကတဲ့စွမ်းရည်တွေ လွှင့်ပစ်လိုက်ရာရောက်တယ်။

စက်မှုခေတ်ကာလက ပုံဖော်ခဲ့သော ပုံစံဟောင်းတွင် ကျွန်တော်တို့လူသားများသည် ပို၍ပို၍အသုံးဝင်မှုလျော့နည်းပြီး စွန့်စားစိတ်လျော့ပါးသွားကြသည်။ ကျွန်တော်တို့သည် အာမခံချက်ရှိသော အလုပ်များတွင် ရာသက်ပန်အလုပ်ရအောင် ကြိုးစားပြီး အငြိမ်းစားယူသည်အထိ ထိုအလုပ်ကို တစိုက်မတ်မတ် နိစ္စဓူဝလုပ်ဆောင်သွားကြသည်။ ထို့နောက် အငြိမ်းစားယူသည့်အရွယ်ရောက်လာသည်နှင့်အမျှ ကျွန်တော်တို့သည် လူ့ဘောင်အဖွဲ့အစည်းအတွက် အသုံးဝင်မှု အလျှင်းကင်းမဲ့သွားပြီး အစိုးရအပေါ်၊ ဆွေမျိုးသားချင်းအပေါ်(သို့မဟုတ်)ကျွန်တော်တို့အသုံးဝင်ခဲ့သည့် နှစ်ကာလများတစ်လျှောက်လုံး စုဆောင်းလာသော ငွေကြေးအပေါ် အမှီသဟဲပြုရသောဘဝတွင် ရှင်သန်ကြရသည်။

ယခု နည်းပညာပိုင်းဆိုင်ရာ အုံကြွပေါက်ကွဲမှုနှင့် အသိပညာခေတ်ကာလအတွင်း ဝင်ရောက်မှုများရှိခြင်းကြောင့် အလုပ်ရှင်များသည် ကျွန်တော်တို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသမိုင်းကြောင်းကို ယခင်ကလောက် စိတ်ဝင်စားမှုမရှိကြချေ။ ယခုအခါတွင် သူတို့သည် ကျွန်တော်တို့၏ လတ်တလောစွမ်းရည်ကို ပို၍စိတ်ဝင်စားမှုရှိသည်။

ရှေးဦးပိုင်း ဒန်နီရယ်လ်ဘွန်းနှင့် ဒေးဗစ်ခရော့ကတ် နယ်ပယ်သစ်များအခြေကျစကာလများ၏ အကြိုက်တွေ့စရာ အချက်တစ်ချက်ကား ထိုစဉ်ကာလတွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း အသုံးဝင်မှုက နိုင်ငံအတွက် အကျိုးဖြစ်ခဲ့ခြင်းဖြစ်သည်။ နယ်ပယ်သစ်တွင် သင်နေထိုင်၊ လယ်ယာစိုက်ပျိုး ချက်ပြုတ်နှင့် အမဲလိုက်နေပါလျှင် သင်အသက်(၆၅)နှစ်ရောက်သောအခါ သင့်ကို အငြိမ်းစားယူခိုင်းရန် မည်သူမျှ တွေးမိမည်မဟုတ်ချေ။

ကျွန်တော်တို့သည် အသက်နှင့် အဆင့်အတန်းတို့ထက် အသုံးဝင်မှုကို ဂုဏ်ပြုသော ခေတ်ကာလသို့ ယခုမှ ပြန်ရောက်ချေပြီ။ ဥပမာ– ကျွန်တော့်ကုမ္ပဏီသည် တရုတ်ဈေးကွက်သို့ဝင်၍ ကျွန်တော်တို့၏ software များ ရောင်းချရန် ကြိုးစားနေပြီ။ သင်က အသက်(၇၀) အရွယ်ရှိပြီး တရုတ်ဘာသာစကား ကျွမ်းကျင်စွာပြောဆိုတတ်သည်သာမကသေး၊ Software အကြောင်းသိပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်သော စွမ်းအားနှင့် ဖွဲ့လုံ့လရှိသည်ဆိုပါလျှင် သင့်ကို ကျွန်တော်မည်သို့လျစ်လျူရှုနိုင်ပါမည်နည်း။

ကျွန်တော်တို့ကုမ္ပဏီက ပိုင်ဆိုင်တာတစ်ခုပဲရှိတယ်။ အဲဒါ လူသားရဲ့စိတ်ကူးစိတ်သန်းပဲဟု မိုက်ခရိုဆော့ဖ်ကုမ္ပဏီ၏ ဘီလ်ဂိတ်က ပြောကြားခဲ့ဖူးသည်။ သင်သည် မိုက်ခရိုဆော့ဖ်၏ အဆောက်အအုံများ၊ အိမ်ရာများ၊ ရုံးသုံးပစ္စည်းပရိဘောဂများ၊ ရုပ်ပိုင်းဆိုင်ရာပိုင်ဆိုင်မှုများ သင်ထိကိုင်၍ရသမျှ အရာအားလုံးကို ကုမ္ပဏီမှ ယူဆောင်လိုက်ပါလျှင် ကုမ္ပဏီ ဘယ်သို့ရောက်ပေမည်နည်း။ မျက်မှောက်ကာလ ယင်းရောက်ရှိနေရာထိနီးပါးမျှဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် မျက်မှောက်ကာလ ကမ္ဘာတွင် ကုမ္ပဏီတစ်ခု၏တန်ဖိုးသည် ယင်း၏ပိုင်ဆိုင်မှုတွင်မဟုတ်၊ ယင်း၏တွေးခေါ်မှုတွင် တည်သည်။

ဤသည် လူတစ်ဦးတစ်ယောက်ချင်းအတွက် အလွန်ပင်ကောင်းသောသတင်းဖြစ်သည်။ အသုံးဝင်မှုသည် ပြန်လည်ခေတ်စားနေပေပြီ။ သင်၏ ကျွမ်းကျင်မှုများကို သင်ပျိုးထောင်နိုင်လျှင်၊ အကြောင်းအရာအသစ်အဆန်းများကို ဆက်လက်ဆည်းပူးနိုင်လျှင်၊ ကွန်ပျူတာများကို လေ့လာနိုင်လျှင်၊ နိုင်ငံခြားဘာသာစကားတစ်ခုကိုဆည်းပူးနိုင်လျှင် (သို့မဟုတ်) တိုင်းတစ်ပါးယဉ်ကျေးမှုနှင့် ဈေးကွက်ကို ကျွမ်းကျင်လာလျှင် သင့်ကိုယ်သင် အသုံးဝင်သူဖြစ်အောင်လုပ်နိုင်သည်။

ဘတ်စကက်ဘော နည်းပြဖြစ်သူ ဂျွန်ဝူးဒင်သည် နည်းပညာပိုင်းဆိုင်ရာ နယ်နိမိတ်အသစ်နှင့်ပတ်သက်၍ အထူးပင် အံဝင်ခွင်ကျရှိလှသော ဤဆောင်ပုဒ်ကို ကိုင်ဆွဲလျက် ကျွန်တော်တို့ရှင်သန်သင့်ကြောင်း အကြံပြုသည်။ ထိုဆောင်ပုဒ်ကား သင်ထာဝရရှင်သန်နေထိုင်ရမည်ကဲ့သို့ ပညာရပ်များကို ဆည်းပူးပါ။ သင်မနက်ဖြန်သေဆုံးမည်ကဲ့သို့ အသက်ရှင်နေထိုင်ပါဟုပင် ဖြစ်သည်။

သင်အလုပ်အကိုင်ရရှိနိုင်မှုသည် သင့်အလုပ်သမိုင်း၊ သင့်ကျောင်းအဆက်အသွယ်၊ သင့်အဆွယ်အသွယ်၊ သင့်မိသားစု(သို့မဟုတ်) သင့်ကမ္ဘာပေါ် အခိကမှီတည်သောကာလများ ကုန်လွန်ခဲ့ပြီဖြစ်သည်။ မျက်မှောက်ကာလတွင် သင်အလုပ်အကိုင်ရရှိနိုင်မှုသည် အချက်တစ်ချက်အပေါ်တွင် တည်မှီသည်။ ထိုတစ်ချက်ကား သင်၏လတ်တလောကျွမ်းကျင်မှုပင်ဖြစ်သည်။ ထိုကျွမ်းကျင်မှုတို့သည် သင့်ချုပ်ကိုင်မှုအောက်တွင် အကြွင်းမဲ့တည်ရှိသည်။

ဤသည် နယ်ပယ်အသစ်၊ နယ်နိမိတ်အသစ်ပင် ဖြစ်သည်။ တစ်ခါက ကျွန်တော်တို့သည် တံခါးဝတွင် ဝံပုလွေများ ရောက်ရှိလာမည်ကို စိုးကြောက်စွာ အငြိမ်းစားဘဝကို ဝင်ရောက်ခဲ့ပါသော်လည်း မျက်မှောက်ကာလတွင် ကျွန်တော်တို့သည် လောကလူ့အသိုက်အမြုံကို ကျွန်တော်တို့ စိတ်ဆောင်သမျှ အကျိုးပြုအသုံးဝင်ခြင်းဖြင့် ရာသက်ပန်ကြီးပြင်းမှုကို စဉ်ဆက်မပြတ် ပြုလုပ်သွားနိုင်သည်။

အနာဂတ်အကြောင်း ကျွန်တော်တို့သိလေလေ ထိုအနာဂတ်၏ အဖိုးတန်အစိတ်အပိုင်းတစ်ခုဖြစ်ရန် ကျွန်တော်တို့ ဆန္ဒရှိလေလေပင် ဖြစ်သည်။ ။

Ref :Embrace new areas by Steve Chandler

# ခေါင်းဆောင်ကောင်းဖြစ်ချင်သလား

မောင်ထူးချွန်

ခေါင်းဆောင်ဆိုတာကို လူတိုင်းဖြစ်ချင်ကြတာပါပဲ။

မောင်တို့မယ်တို့အနေနဲ့ရော ခေါင်းဆောင်ဖြစ်ချင်ကြသလား။ ခေါင်းဆောင်ဆိုတာ ပဏာမအဆင့်မှာ လွယ်သယောင်ထင်ရပေမယ့် လက်တွေ့လုပ်ငန်းစဉ်မှာတော့ အခက်အခဲများစွာရှိတယ်ကွယ့်။ ခေါင်းဆောင်တော့ဖြစ်ပါပြီတဲ့ ကောင်းမွန်မြင့်မြတ်တဲ့ခေါင်းဆောင်ဖြစ်ဖို့ လိုသေးတယ်။ ခေါင်းဆောင်ကောင်းဖြစ်ဖို့ လိုတာပေါ့ကွယ်။ ကနဦးအနေနဲ့ ခေါင်းဆောင်လုပ်ချင်ရင် ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားဖြောင့်မှန်ရမယ်။ လူရှေ့သူရှေ့မှာ ပြောတော့တစ်မျိုး၊ မမြင်ကွယ်ရာမှာ လုပ်နေတော့တစ်မျိုး ပြုမူနေမယ်ဆိုရင် သြဇာတည်ဆောက်လို့ မရနိုင်ပါဘူးပေါ့။ ခေါင်းဆောင်ကောင်း မဖြစ်နိုင်ဘူးပေါ့။

"လူဆိုသည်မှာ ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားရမယ်။ အားကိုးထိုက်သူဖြစ်အောင် ကြိုးစားရမယ်။ လေးစားထိုက်သူဖြစ် အောင် ဖြူစင်ရမယ်"

ဓမ္မဘေရီဆရာတော် ဟောကြားမိန့်မှာခဲ့ဖူးတာ။ တန်ဖိုးရှိတဲ့ စကားလေးတစ်ခွန်းပါပဲကွယ်။

ထူးကဲမြင့်မြတ်တဲ့အဓိပ္ပာယ် ရှိလှပါတယ်။ ဆရာတော်ကြီးတွေကတော့ ဟောပြောနေကျ၊ ဆုံးမနေကျတရားတော်တွေမှာ ပါရှိကြတာပါပဲ။ လေးစားထိုက်သူဖြစ်အောင် ကိုယ်ကျင့်တရား(သီလ၊ သိက္ခာ) ဖြူစင်ကြပါမှ ခေါင်းဆောင်လုပ်တဲ့သူအနေနဲ့ သြဇာညောင်းမှာပေါ့ကွယ်။ ပြောတဲ့အတိုင်း၊ လုပ်တဲ့အတိုင်းတော့ တည်ကြည်ဖို့ လိုတာပေါ့။ ခက်ခဲကြမ်းတမ်းလို့ ကနဦးတည်ဆောက်ရာမှာရုန်းကန်ကြိုးစားဖို့ လိုအပ်တဲ့အချိန်မှာတော့ အသုံးချပြီး အသီးအပွင့်ကို ခံစားရချိန်ရောက်တော့မှ မျက်ကွယ်ပြုတာမျိုး၊ လက်တွဲဖြုတ်တာမျိုး၊ အရာမသွင်းတော့တာမျိုးတွေ မဖြစ်သင့်ဘူးပေါ့။ အဲဒီအဖြစ်မျိုးကို လုပ်မှားကိုင်မှားဖြစ်ခဲ့ရင်တောင် အချိန်မီကုစားနိုင်ရမယ်လို့ အတွေးရှိတဲ့ ခေါင်းဆောင်မျိုးကိုသာ ခေါင်းဆောင်ကောင်းပီသတယ်လို့ဆိုရမယ်။

ဒါကြောင့် မောင်တို့မယ်တို့အနေနဲ့ အများယုံကြည်တဲ့သူ၊ အများလေးစားတဲ့သူဖြစ်အောင် ကြိုးစားလေ့ကျင့်ကြရမယ်။ ဖြစ်အောင်လည်းကြိုးစားကြရမယ်လို့ နှလုံးသွင်းထားရမယ်ကွယ့်။

အများယုံကြည်အားကိုးပြီး အများနှစ်လိုဖွယ်ကောင်းတဲ့




ခေါင်းဆောင်တွေမှာ ဒီလိုကြန်အင်လက္ခဏာ ခုနစ်ချက်ရှိပါတယ်။

၁။ သူတစ်ပါးကို ချစ်ခင်အောင်၊ လေးစားအောင်၊ လက်ခံလိုက်နာအောင် ဆွဲဆောင်နိုင်တဲ့ အပြုသဘောထားစွမ်းရည်ရှိရတယ်။

၂။ ကြိုကြိုတင်တင် မြော်မြော်မြင်မြင်နဲ့ ကြံစည်စီမံဦးဆောင်တတ်ရတယ်။ မီးစင်ကြည့်ကပြီး သူတစ်ပါး ကြိုးဆွဲရာမကရဘူး။ သူများတီးကွက်နဲ့ မကရဘူး။ လက်ဦးရမယ်။ ကိုယ်ပိုင်လမ်းစဉ်နဲ့ စွမ်းဆောင်တတ်ရတယ်။

၃။ လုပ်ပိုင်ခွင့်ကို ခွဲဝေပေးတတ်ရတယ်။ တာဝန်ပေးရာမှာ စနစ်ကျရတယ်။ ငါပဲဆုံးဖြတ်မယ်ဆိုတာမျိုး ချုပ်ကိုင်ထားရင် မအောင်မြင်ဘူး။ အာဏာရှင်ဆန်တဲ့ အတွေးအမြင် အပြုအမူမျိုး ဘယ်တော့မှမလုပ်ရဘူး။

၄။ အပြန်အလှန်ထိတွေ့မှု ရှိရတယ်။ အချင်းချင်းလေးစားတတ်ရတယ်။ အချင်းချင်း အားကိုးတတ်ရတယ်။ တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်းရှိပြီး အတွေးအမြင်တွေကို ဆင့်ကဲမျှဝေစေတတ်ရတယ်။

၅။ ကိုယ့်လူတွေလုပ်စေချင်တာကို လုပ်ပေးရတယ်။ အထက်အောက်လေးစားချစ်ခင်အောင် နှလုံးရည် စွမ်းအားရှိနေစေဖို့ လုပ်ဆောင်တတ်ရတယ်။

၆။ တာဝန်ယူတတ်ရတယ်။ တာဝန်ခံမှုရှိတတ်ရတယ်။ တာဝန်သိမှုရှိတတ်ရတယ်။ ခေါင်းမရှောင်ရဘူး။ လွှဲမချရဘူး။

၇။ တိကျပြတ်သားတတ်ရတယ်။ ဆုံးဖြတ်ချက်ခိုင်မာပြတ်သားရတယ်။ မလုပ်ခင် သေသေချာချာ သုံးသပ်ဆွေးနွေးပြီးရင် ဆုံးဖြတ်ချက်အတိုင်း မဖြစ်မနေလုပ်ဆောင်တတ်ရတယ်။

ဒီခုနစ်ချက်ဟာ အောင်မြင်မြင့်မားကြတဲ့ ခေါင်းဆောင်ကြီးတွေ ကျင့်သုံးလေ့ရှိတဲ့ ကိုယ်ရည်ကိုယ်သွေး အမူအကျင့်တွေပဲဖြစ်တယ်။

ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လိုသူတွေအတွက်ကတော့ ဒီအချက်တွေကို လက်တွေ့လိုက်နာ လေ့ကျင့်အသုံးပြုရမှာပေါ့။ အဲဒီလိုတွေကို စွမ်းဆောင်နိုင်လာရင် အများယုံကြည်လေးစားတဲ့သူဖြစ်ပြီ။ ဒါဆိုရင် ခေါင်းဆောင်ဖြစ်ဖို့ သေချာနေပြီပေါ့ကွယ်။

ခေါင်းဆောင်မှုဟာ အခြေခံအုတ်မြစ်ဆိုလည်း ဟုတ်တယ်။ ခေါင်မိုးဆိုရင်လည်း မှန်တယ်။ စီးပွားရေး၊ လူမှုရေး၊ အခြားအရာတွေကို မိုးပျံအောင်တော်နေပါစေ၊ ခေါင်းဆောင်မှုဆိုင်ရာ ညံ့ဖျင်းအားနည်းနေကြရင်တော့ လူ့အဖွဲ့အစည်းအတွင်းမှာ အားလျော့ချွတ်ယွင်းမှုတွေ များနေဦးမှာပါပဲ။

ခေါင်းဆောင်ဟာ ကိုယ်တိုင်စံနမူနာပြသပြီး ဦးဆောင်ရာမှာ Skill လို့ခေါ်တဲ့ လုပ်ငန်းကျွမ်းကျင်နှံ့စပ်မှု(ပညာ)နဲ့ Will လို့ခေါ်တဲ့ စိတ်အားထက်သန်မှု(ဆန္ဒ) ဆိုပြီး နှစ်မျိုးစလုံးကို ဟန်ချက်ညီညီလုပ်ဆောင်နိုင်ရမယ်။

ခေါင်းဆောင်တစ်ဦးရဲ့တာဝန်တွေကတော့ လက်အောက်ငယ်သားတွေကို လုပ်ငန်းကျွမ်းကျင်မှုနဲ့ စိတ်ရောကိုယ်ပါရှိမှုဆိုတဲ့ အရည်အချင်း၊ အရည်အသွေးတွေကို တဖြည်းဖြည်းနဲ့ အဆက်မပြတ်တိုးတက်အောင် လုပ်ဆောင်ပေးရေးတို့ပဲပေါ့။

ခေါင်းဆောင်ကောင်းဆိုတာ အလုပ်အားလုံးကို ကိုယ်တစ်ဦးတည်း ကျုံးမလုပ်သင့်ဘူး၊ တော်သင့်ရုံပဲလုပ်ပါ။ အချိန်နဲ့ တာဝန်ကိုလည်း ခွဲဝေတတ်ပါစေ။ ထိရောက်အောင်လုပ်ဆောင်ဖို့သာ ဦးဆောင်နိုင်ရမှာဖြစ်တယ်။ မောင်တို့မယ်တို့အနေနဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ အရည်အချင်းတွေ၊ လိုက်နာရမယ့် နည်းနာတွေကို လေ့ကျင့်လုပ်ဆောင်ကြမယ်ဆိုရင် မလွဲမသွေကိုပဲ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာမယ်ဆိုတာ ယုံမှားသံသယဝင်စရာမရှိဘူးပေါ့ကွယ်။ လေ့ကျင့်၊ ကြိုးစားကြည့်လိုက်ပါ။ ။

■

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

### မိတ်ကောင်းဖော်မွန်ရှိပါစေ

"ကောင်းသော အပေါင်းအဖော်ဟူသည် အောင်မြင်မှုအတွက် ရာခိုင်နှုန်းပြည့် ၁၀၀ ရာခိုင်နှုန်း အထောက်အပံ့ဖြစ်စေသော စွမ်းအားရှိကြပေသည်ဟု မှတ်ယူပါလော့။"

**ဂေါတမမြတ်စွာဘုရား(ဘီစီ ၆၂၃-၅၄၃)**

အောင်မြင်ကြီးပွားချမ်းသာမှုအတွက် လူတိုင်းလူတိုင်းက အစဉ်အမြဲကြိုးစားလျက်ရှိရာ ကြိုးစားမှု၏အသီးအပွင့်အဖြစ် ပျော်ရွှင်ချမ်းမြေ့ပြီး ကြီးပွားချမ်းသာမှုကို မျှော်လင့်တောင့်တတတ်ကြသည်မှာလည်း ဓမ္မတာပင် ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ဂေါတမမြတ်စွာဘုရားက ကောင်းသောအပေါင်းအဖော်ဟူသည် အောင်မြင်မှုအတွက် ရာခိုင်နှုန်းပြည့် ၁၀၀ ရာခိုင်နှုန်း အထောက်အပံ့ဖြစ်စေသော စွမ်းအားရှိကြပေသည်ဟု မှတ်ယူပါလော့ဟူ၍ မိန့်ကြားထားပေရာ မိတ်ကောင်းဖော်မွန်၏ အရေးပါမှုကိုပြဆိုထားခြင်းလည်းဖြစ်သည်။

ထိုအတွက် မိမိတို့တွင် မိတ်ကောင်းဖော်မွန်ရှိနေရန်အရေးကြီးပေသည်။

ယင်းကဲ့သို့ မိတ်ကောင်းဖော်မွန်ရှိနေလျှင် အောင်မြင်မှုအတွက် ရာနှုန်းပြည့် ပြီးပြည့်စုံမည်ဖြစ်သည်။ သို့ဖြစ်၍ မိမိ၏မိတ်ကောင်းဖော်မွန်သည် မိမိကိုယ်၌ဖြစ်ပေါ်ကိန်းအောင်းနေသည့် မိမိ၏စိတ်စွမ်းအားကို ဦးစွာ မိတ်ဆွေဖွဲ့ရပေမည်။ မိမိ၏စိတ်ပိုင်းဆိုင်ရာအစွမ်းအစကို တန်ဖိုးထားပြီး မိမိ၏စိတ်တန်ခိုးကို အားပြုကာ စိတ်တန်ခိုးကိုတွန်းအားအဖြစ် အသုံးချလျက် တစိုက်မက်မက်ကြိုးစားအားထုတ်ရမည်ဖြစ်သည်။ သို့မှသာ အောင်မြင်မှုကိုရယူနိုင်မည်ဖြစ်ပေသည်။

"ညီတော်အာနန္ဒာ ဆရာသမားကောင်း၊ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းဖော်ယှဉ်တွဲ အမှီသဟဲပြုရခြင်းသည် မိမိကြံစည်အောင်မြင်လိုသောလုပ်ငန်းစဉ်၏ ၁၀၀ ရာခိုင်နှုန်းဖြစ်သော ခရီးအဆုံးသို့ ရောက်ရှိ



ပြီးစီးခြင်းနှင့် အလားသဏ္ဍာန်တူပေသည်" ဟု ဂေါတမမြတ်စွာဘုရားကိုယ်တော်က ညီတော်အာနန္ဒာကို မိန့်ကြားလမ်းညွှန်တော်မူခဲ့သည့် ဓမ္မစကားပင်ဖြစ်ရာ မိတ်ကောင်းဖော်မွန်ရှိခြင်းသည်ကား အောင်မြင်မှုအတွက် ရာနှုန်းပြည့်ရလဒ်တစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် မိမိ၏မိတ်ကောင်းဖော်မွန်တစ်ဦးဖြစ်သည့် မိမိ၏စိတ်စွမ်းအားကို နှိုးဆော်နိုင်ရန် အထူးလိုအပ်သည်။ ကနဦးတွေ့ရှိရသည့် အကောင်းဆုံးအဖော်မွန်အဖြစ် မိမိ၏စိတ်စွမ်းအား၊ မိမိ၏စိတ်တန်ခိုးစသည့် မိမိစိတ်၏ အစွမ်းအစကိုသိရှိပြီး ကျားကုတ်ကျားခဲကြိုးစားကြရန်လိုသည်။ ထို့အပြင် စာပေကိုလည်း မိတ်ဆွေဖွဲ့ရပေမည်။

စာပေဖတ်ရှုခြင်းဖြင့် အတွေးအမြင်ကောင်းများစွာကို ရရှိနိုင်ပေသည်။ စာပေတွင်များစွာသော ဗဟုသုတ၊ များစွာသော အားကျအတုယူစရာ၊ လေ့လာမှတ်သားစရာတို့က တောင်ပုံရာပုံရှိနေလေသည်။

"စာဖတ်ခြင်းမှရသော အတွေ့အကြုံ(သုတ)ကို မိမိ၏လက်တွေ့ဘဝပြဿနာအတွေ့အကြုံ(မုတ)တွင် အသုံးချဖြေရှင်းနိုင်စွမ်းရှိခြင်းသည် ပညာပင်ဖြစ်သည်" အမေရိကန်စာရေးဆရာမ ဟယ်လင်ကဲလား (၁၈၈၀-၁၉၆၈)ကပြောကြားခဲ့ကြောင်း မှတ်သားဖူးပါသည်။ ဟဲလင်ကဲလားသည် မျက်မမြင်စိတ်ခါတ်မြှင့်တင်ရေးဟောပြောသူနှင့် စာရေးဆရာအဖြစ်ထင်ရှားသည်။ ဟားဗတ်တက္ကသိုလ်၏ ပထမဆုံးဂုဏ်ထူးဆောင်ဘွဲ့အပ်နှင်းခံရသည့် မျက်မမြင် နားမကြား အမေရိကန်စာရေးဆရာမတစ်ဦးလည်း ဖြစ်သည်။

သို့ဖြစ်၍ စာပေနှင့်ရင်းနှီးအောင်မိတ်ဆွေဖွဲ့ပြီး ထိတွေ့ကျွမ်းဝင်အောင်ကြိုးစားရပေမည်။

စာပေကို ဖတ်ရှုရာတွင်လည်း အနှစ်သာရရှိသည့် ဂန္ထဝင်စာပေ၊ ကမ္ဘာကျော်အောင်မြင်ထင်ရှားသူများ၏ အတ္ထုပ္ပတ္တိစာပေ၊ ကမ္ဘာကျော်ပညာရှင်ကြီးများ ဟောပြောခဲ့ကြသည့် အဆိုအမိန့်ဆိုင်ရာစာပေများ၊ ထင်ရှားသည့် ဘဝတည်ဆောက်ရေး၊ ဘဝအောင်မြင်ရေးစာပေများကိုသာ ရွေးချယ်လေ့လာဖတ်ရှုရမည်ဖြစ်သည်။

သို့မှသာ အောင်မြင်သောဘဝရရှိရန် မိတ်ကောင်းဖော်မွန်ဖြစ်သည့် စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးကို လက်တွေ့အသုံးချကာ တွေးခေါ်ဆင်ခြင်မှု၊ အားကျအတုယူမှု၊ ကြီးပွားချမ်းသာအောင်မြင်သောနည်းနာများကို မှတ်သားလိုက်နာလေ့ကျင့်လျက် မိမိ၏ဘဝကို သာယာလှပပြီး ချမ်းသာကြီးပွားမှုရရှိအောင်စွမ်းဆောင်နိုင်ပေမည်။

ထို့အပြင် ဘဝအောင်မြင်ရေးအတွက် မြတ်ဗုဒ္ဓ၏ ညွှန်ပြရာနည်းလမ်းများစွာရှိပေရာ သမ္ဗဒါတရားလေးပါးတွင်လည်း ကလျာဏမိတ္တသမ္ပဒါ၊ မိတ်ကောင်းဆွေကောင်းပြည့်စုံအောင် ရှာဖွေပေါင်းသင်းပါဟု ဂေါတမမြတ်စွာဘုရားက မိန့်ကြားထားခဲ့သည်။

သို့ဖြစ်သောကြောင့် ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာလိုကြသော လူတိုင်းလူတိုင်းသည် မိမိ၏မိတ်ကောင်းဖော်မွန်ကို မဖြစ်မနေရှာဖွေမိတ်ဖွဲ့ရမည်။ ထိုမှ ရင်းနှီးကျွမ်းဝင်အောင်လုပ်ဆောင်နိုင်ခြင်း၏အသီးပွင့်အဖြစ် အောင်မြင်ကြီးပွားချမ်းသာမှုကို မလွဲမသွေရရှိနိုင်မည်ဖြစ်ပေတော့သည်။ ။

# ကွမ်းဈေးကွက်ကောင်းမွန်သဖြင့် ကွမ်းစိုက်တောင်သူများအဆင်ပြေ

မုံရွာ နိုဝင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ အပိုဝင်ငွေရရှိရန်အတွက် ကွမ်းကို အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသည်။ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြပြီး မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အစိုက်နည်းပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြသည်။

ကွမ်းပင်များကို ဝါဆိုလ(ဇွန်လ)တွင် စိုက်ပျိုးကြကြောင်း၊ ကွမ်းပျိုးပင် တစ်ပင်လျှင် ကျပ် ၄၀၀-၅၀၀ ပေးဝယ်ရကြောင်း၊ တစ်ဧကလျှင် ကွမ်းပင် ၃၀၀၀ ခန့် စိုက်ပျိုးနိုင်ကြောင်း သိရသည်။ စိုက်ပျိုးပြီး လေးလခန့်အရွယ်တွင် ခူးဆွတ်နိုင်ကြောင်း၊ အစမ်းခူးသည့်အချိန်တွင် ပိဿာ ၄၅-၅၀ ထွက်ရှိကြောင်း၊ တစ်နှစ်ကျော်လျှင် အထွက်နှုန်းတိုးလာ၍ ပိဿာ ၂၀၀-၂၅၀ အထိ ထွက်ရှိကြောင်း သိရသည်။ မြေပြုပြင်ခြင်း၊ မျိုး၊ စိုက်ပျိုးခြင်း၊ သွင်းအားစုနှင့် လုပ်သားခများအပါအဝင် ကွမ်းအပင်ရေ ၁၀၀၀ ခန့်၏ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်မှာ ကျပ် ၁၅ သိန်းခန့် ကုန်ကျသည်။ မြေဆီမြေသြဇာကောင်းမွန်မှုနှင့် ဂရုစိုက်မှုပေါ်မူတည်၍ ကွမ်းသက်တမ်း သုံးနှစ်မှ ခုနစ်နှစ်အထိ ကြာမြင့်သောကြောင့် တစ်နှစ်လျှင် အကျိုးအမြတ်အနေဖြင့် ကျပ် သိန်း ၃၀ နှင့်အထက် ရရှိကြောင်း သိရသည်။

မုံရွာမြို့နယ်ကွမ်းဈေးကွက်အနေဖြင့် နိုဝင်ဘာလ တတိယပတ်တွင် ကွမ်းတစ်ပိဿာလျှင် ကျပ် ၈၀၀၀-၁၀၀၀၀ ဈေးရှိကြောင်း၊ နိုဝင်ဘာလ စတုတ္ထပတ်တွင် အရည်အသွေးပေါ်မူတည်ပြီး တစ်ပိဿာလျှင် အနိမ့်ဆုံးဈေး ကျပ် ၈၅၀၀-၉၀၀၀ မှ အမြင့်ဆုံးဈေး ကျပ် ၁၀၀၀၀-၁၁၀၀၀ အထိ ရောင်းချရကြောင်း၊ အရောင်းအဝယ်သွက်ကာ ဈေးကောင်းရရှိနေသဖြင့် ကွမ်းစိုက်တောင်သူများ အဆင်ပြေကြကြောင်း သိရသည်။

DOCA(စစ်ကိုင်း)



# ပြင်ဦးလွင် ထောပတ်သီးဈေးကွက်

ပြင်ဦးလွင် နိုဝင်ဘာ ၂၈

ပြင်ဦးလွင်မြို့နယ်၌ နှစ်ရှည်သီးနှံဖြစ်သော ထောပတ်သီးစိုက်ဧက ၁၉၄ ဧကမှာ အောက်တိုဘာလလယ်၌ ထောပတ်သီးများ စတင်ထွက်ရှိပြီး နိုဝင်ဘာလတွင် ဈေးကွက်အတွင်းသို့ လှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ်သည်။ ထောပတ်သီးဒေသမျိုးနှင့် မြောက်ကျွန်းသူမျိုးများကို အများစုစိုက်ပျိုးပြီး နိုင်ငံခြားမျိုးများဖြစ်သည့် Hass၊ Vecconeer မျိုးများကိုလည်း အနည်းစု စတင်စိုက်ပျိုးလာကြသည်။

လက်ရှိဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများအနေဖြင့် Hass ၄-၅ လုံးပါ တစ်ကီလိုလျှင် ကျပ် ၅၀၀၀၊ (၆-၈)လုံးပါ တစ်ကီလိုလျှင် ကျပ် ၄၅၀၀၊ ၁၀ လုံးပါ တစ်ကီလိုလျှင် ကျပ် ၃၀၀၀ ရရှိပြီး Vecconeer ၂-၄ လုံးပါ တစ်ကီလိုလျှင် ကျပ် ၃၅၀၀၊ ၅-၆ လုံးပါ တစ်ကီလိုလျှင် ကျပ် ၃၀၀၀ ရရှိပါသည်။ မြန်မာမျိုး မြောက်ကျွန်းသူ (၂-၃)လုံးပါ တစ်ကီလိုလျှင် ကျပ် ၃၅၀၀၊ ၄-၅ လုံးပါ တစ်ကီလိုလျှင် ကျပ် ၃၀၀၀၊ ဒေသမျိုးတစ်လုံးလျှင် ကျပ် ၂၀၀-၅၀၀ ဈေးဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

DOCA(မန္တလေး)

# ပြည်တွင်းရွှေဈေးကွက်

## အလားအလာ

ရန်ကုန် နိုဝင်ဘာ ၂၈

နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်း ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၇၄၉ ဖြစ်၍ ယခင်အပတ် ရွှေဈေးနှုန်းထက် သုံးဒေါ်လာအနည်းငယ်ပိုမိုခဲ့သည်။ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာလည်း ယခုအပတ် ငွေကျပ် ၂၀၆၀၀၀၀ ဖြစ်ပြီး ယခင်အပတ်ထက် ငွေကျပ် ၃၀၀၀ ပိုမိုသတ်မှတ်ခဲ့သော်လည်း ဈေးကွက်ပေါက်ဈေးနှုန်းမှာ ရည်ညွှန်းဈေးနှုန်းထက် ငွေကျပ်လေးသိန်းခုနစ်သောင်းခန့် ပိုမိုနေကာ လက်ရှိဈေးကွက်တွင် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၂၅၃၀၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးနှုန်း အနည်းငယ် ပိုမိုလာသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ ယခင်အပတ် ဈေးကွက်ပေါက်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

DOCA (ရန်ကုန်)



# ရွှေဘိုမြို့၏ နှမ်းနက်(မိုး) စိုက်ပျိုးထွက်ရှိမှုအခြေအနေနှင့် ဈေးကွက်

ရွှေဘို နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံရှိ ဆီထွက်သီးနှံများအနက် နှမ်းသည် စိုက်ဧကအများဆုံးဖြစ်ပြီး ဆီထွက်သီးနှံစုစုပေါင်း စိုက်ဧက၏ ၅၁ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ နှမ်းကို မိုးနှမ်း၊ ဆောင်းနှမ်းနှင့် မိုးကြိုရေသွင်းနှမ်းဟူ၍ ခွဲခြားထားသည်။

ရွှေဘိုခရိုင်အနေဖြင့် နှမ်းနက်(မိုး)သီးနှံကို နှစ်စဉ် ဧက လေးသောင်းကျော် စိုက်ပျိုးပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် နှမ်းနက်(မိုး)ကို ၄၆၆၄၁ ဧက စိုက်ပျိုးကြောင်း၊ တစ်ဧကလျှင် ကိုးတင်းနှုန်းဖြင့် ၄၁၉၇၆၉ တင်းထွက်ရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့ရှိ ပွဲရုံ/ပွဲစားများက ထိန်တော်အသင်း ပဲ၊ နှမ်း ကုန်စည်ဒိုင်သို့ နိုဝင်ဘာလ တတိယပတ်အတွင်း ခရိုင်တွင်းမှ နှမ်းနက်(မိုး)များ စတင်ဝင်ရောက်ခဲ့ပြီး သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၃၀၀၀၀ မှ ၂၅၅၀၀၀ အထိ ပေါက်ဈေးရှိ၍ တစ်နေ့လျှင် တင်း ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

DOCA(စစ်ကိုင်း)

# ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ရန်ကုန် နိုဝင်ဘာ ၂၈

ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ နိုဝင်ဘာလစတုတ္ထပတ်အတွင်း ကုန်သွယ်မှုပမာဏအနေဖြင့် ၁ ဒသမ ၆၇၃ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခုသီတင်းပတ် ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောနှင့် ဖရဲသီးတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းတွင် သံခြင်းကွန်တိန်နာများ၊ အင်ဂျင်များ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းများ၊ ဓာတုကုန်ကြမ်းပစ္စည်းများ၊ ကုန်ထုတ်စက်ကိရိယာများ၊ တာယာနှင့်ကျွတ်များ၊ ဘက်ထရီအခြောက်များ၊ ချုပ်ပြီးအဝတ်အထည်များနှင့် အခြားလူသုံးကုန်ပစ္စည်းများ တင်သွင်းနိုင်ခဲ့သည်။

အဓိကပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောမှာ ထွက်ရှိလာပြီဖြစ်သောကြောင့် နောင်ကာလများတွင်လည်း ပို့ကုန်ပိုင်း၌ တစ်သျှူးငှက်ပျောများ ပိုမိုတင်ပို့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၂၈-၁၁-၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

၂၈.၁၁.၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| | | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စဉ် | မြို့အမည် | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | ရွှေ (တစ်ကျပ်သား) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၀၀၀ | | ၁၄၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၂၅၀၀ | ၁၀၀၀ | ၆၅၀၀ | ၄၈၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၆၆၅၀၀၀ |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၉၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၂၀၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၅၇၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၅၀၀ | | ၁၆၆၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၆၀၀၀ | | ၂၅၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၅၀၀ | ၂၆၅၀၀၀၀ |
| ၄ | တောင်ကြီး | ၂၁၅၀ | ၁၉၅၀ | ၁၃၀၀၀ | ၆၃၀၀ | ၂၀၀၀၀ | ၄၈၀၀ | ၄၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၁၀၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၂၁၀၀၀ | ၈၅၀၀ | ၂၅၅၅၀၀၀ |
| ၅ | လွိုင်ကော် | ၂၉၅၀ | ၂၀၀၀ | ၁၃၀၀၀ | ၆၇၀၀ | ၁၄၀၀၀ | ၄၂၀၀ | ၄၂၀၀ | ၅၂၀၀ | ၄၃၀၀ | ၁၁၀၀ | ၄၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၆၅၀၀၀ |
| ၆ | ဘားအံ | ၁၈၀၀ | | ၁၁၅၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၇၀၀ | ၆၈၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၆၅၅၀၀၀ |
| ၇ | မော်လမြိုင် | ၁၉၀၀ | | ၁၃၅၀၀ | ၆၅၀၀ | ၂၂၀၀၀ | ၄၆၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၅၀၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၅၀၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၂၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၆၆၀၀၀၀ |
| ၉ | မြိတ် | ၂၀၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၇၀၀ | ၅၀၀၀ | ၄၆၀၀ | ၄၅၀၀ | ၂၁၀၀ | ၈၀၀ | ၆၃၀၀ | ၃၈၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၁၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၅၅၀၀၀ |
| ၁၀ | ရန်ကုန် | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၄၈၀၀ | ၂၃၀၀၀ | ၅၃၀၀ | ၆၂၀၀ | ၅၂၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၄၂၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၄၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၅၀ | ၁၇၅၀ | ၁၂၀၀၀ | ၇၅၀၀ | ၂၅၀၀၀ | ၅၇၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၃၀၀ | ၃၀၀၀ | ၅၀၀ | ၈၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၂၅၀၀၀ | | ၂၆၈၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၁၅၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၉၀၀၀ | ၂၇၅၀၀၀၀ |
| ၁၄ | မုံရွာ | ၂၇၅၀ | | ၉၅၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၃၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၀၀ | ၈၀၀ | ၅၃၀၀ | ၆၀၀၀ | ၄၃၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၅၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၂၀၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၄၁၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၂၆၅၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၉၅၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၃၇၀၀ | ၅၂၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀ | ၅၅၀ | ၅၈၀၀ | ၅၄၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၆၇၀၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၄၇၀၀ | ၅၃၀၀ | ၂၂၀၀ | ၁၀၀၀ | ၆၃၀၀ | ၅၂၀၀ | ၄၃၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၆၆၀၀၀၀ |
| ၁၈ | ပြည် | ၁၈၀၀(သစ်) | | ၁၂၅၀၀ | ၅၉၀၀ | ၂၅၀၀၀ | ၄၆၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၃၀၀၀၀ |
| ၁၉ | ပဲခူး | ၁၈၀၀(သစ်) | | ၁၃၅၀၀ | ၆၀၅၀ | ၁၈၀၀၀ | ၄၈၀၀ | ၄၅၀၀ | ၄၀၀၀ | | ၂၀၀၀ | ၆၀၀ | ၅၈၀၀ | ၄၈၀၀ | ၅၀၀၀ | ၂၃၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၆၇၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၁၀၀ | | ၁၂၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၃၆၀၀ | ၄၂၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၆၀၀ | ၅၀၀ | ၆၅၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၄၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၆၅၀၀၀ |
| ၂၁ | နေပြည်တော် | ၂၁၀၀ | | ၁၂၅၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၅၅၀၀ | ၄၂၀၀ | ၁၈၀၀ | ၅၀၀ | ၆၈၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၆၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၆၆၅၀၀၀ |
| ၂၂ | ကလေး | ၂၅၀၀ | ၁၈၀၀ | ၁၁၀၀၀ | ၆၇၀၀ | | ၄၂၀၀ | ၄၀၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၆၀၀၀ | ၂၇၅၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ကလေးတွင် ၅၀၀ကျပ် ၊ ပဲဆီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၁၁၀၀ကျပ် ၊ စားအုန်းဆီ တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀ကျပ် ၊ ထားဝယ်တွင် ၅၀၀ကျပ်၊ ပဲခူးတွင် ၃၅၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ပဲခူးတွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ်၊ ထားဝယ်တွင် ၄၀၀ကျပ်၊ မြိတ်နှင့် စစ်တွေတွင် ၁၀၀ကျပ်၊ ပြည်တွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ထားဝယ်နှင့် ပျဉ်းမနားတွင် ၂၀၀ကျပ်၊ နေပြည်တော်တွင် ၄၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀ကျပ် ၊ ချင်း တစ်ပိဿာလျှင် စစ်တွေနှင့် နေပြည်တော်တွင် ၃၀၀ကျပ် ၊ ပျဉ်းမနားတွင် ၂၀၀ကျပ် ၊ ဆား တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀ကျပ် ၊ မြေပဲဆန်တစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀ကျပ် ၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၃၀၀ကျပ် ၊ ကုလားပဲဝါ တစ်ပိဿာလျှင် ကျိုင်းတုံ နှင့် ကလေးတွင် ၅၀၀ကျပ် ၊ မုံရွာတွင် ၂၀၀ကျပ် ၊ အာလူး တစ်ပိဿာလျှင် ပျဉ်းမနား နှင့် နေပြည်တော်တွင် ၂၀၀ကျပ် ၊ သကြား တစ်ပိဿာလျှင် ပျဉ်းမနား နှင့် နေပြည်တော်တွင် ၁၀၀ကျပ် ၊ ကြက်သား တစ်ပိဿာလျှင် တောင်ကြီး နှင့် စစ်တွေတွင် ၁၀၀၀ကျပ်၊ မော်လမြိုင်တွင် ၂၀၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် မြစ်ကြီးနားနှင့် စစ်တွေတွင် ၁၀၀၀ကျပ်၊ အမဲသားနှင့် ဆိတ်သား တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီ တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ ကလေးတွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် လွိုင်ကော်တွင် ၆၀၀ကျပ်၊ ပခုက္ကူနှင့် ပျဉ်းမနားတွင် ၃၀၀ကျပ်၊ နေပြည်တော်တွင် ၄၀၀ကျပ်၊ မန္တလေးနှင့် ကလေးတွင် ၁၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် လားရှိုးတွင် ၂၅၀၀ကျပ် ၊ ကြက်သွန်ဖြူ(ရှမ်းစ) နှင့် (ကြူကုတ်) တစ်ပိဿာလျှင် လားရှိုး နှင့် ဘားအံတွင် ၅၀၀ကျပ် ၊ ချင်း တစ်ပိဿာလျှင် လားရှိုးတွင် ၈၀၀ကျပ် ၊ မြိတ်တွင် ၁၀၀ကျပ်၊ မြေပဲဆန်တစ်ပိဿာလျှင် မြိတ် နှင့် မုံရွာတွင် ၂၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် လားရှိုးနှင့် ဘားအံတွင် ၅၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀ကျပ်၊ မော်လမြိုင်တွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ထားဝယ်နှင့် ပြည်တွင် ၂၀၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် တောင်ကြီး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ၄၀၀၀ကျပ် ဈေးကျခဲ့ပါသည်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၀ ဆူ | ၄၇၃ ဆူ | ၂၄၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄.၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၅ ခန်း | ၆၃ ခန်း | ၃၉၂ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅.၀၀ | ၅၀ တိုင် | ၄၈ တိုင် | ၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀.၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၂ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄.၇၀ | ၂၁၁၉.၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄.၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄.၁၀ | ၂၁၈.၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃.၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃.၆၀ | ၅၉၁၀.၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈.၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂.၀၀ | ၁၇၃၆.၀၈ ကျင်း | ၁၃၉ ကျင်း | ၁၅၉၇.၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀.၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆.၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄.၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇.၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈.၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉.၅သိန်း) | ၇၀၃.၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃.၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂.၀၀ | ၅၀၀ စုံ | ၂၄၀ စုံ | ၂၆၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ (၈)လမ်း(A)ဘလောက်၊ တိုက်(၈)၊ အခန်း(၂၀၃)၊ ဒုတိယထပ်ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်အေးအေးမာ[၁၀/မဒန(နိုင်)၀၁၃၆၅၁]က မိမိလက်ဝယ် တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် တိုက်ခန်းအပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းသည်ကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးကျော်ရဲအောင် [၈/ပခက(နိုင်)၂၄၃၆၅၈]နှင့် ဒေါ်နေနွယ်ဦး [၁၂/သကတ(နိုင်)၁၆၁၀၉၆] တို့မှ အပြီးအပိုင်ဝယ်ယူရန် (၂၆-၁၁-၂၀၂၂)ရက်နေ့တွင် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသေချာသော စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိ၊ ရက်ကျော်လွန်သွားပါက ၎င်းတိုက်ခန်း၏ အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထွေးစုလှိုင်(LL.B, D.B.L, D.I.L) အထက်တန်းရှေ့နေ(စဉ်–၃၄၅၁၇)**
**တိုက်(၃၆)၊ ဒုတိယထပ်(ဝဲ)၊ ကျားကွက်သစ်လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်။**
**Ph: 09–422662324, 09–691996320**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င/၁၂)၊ လူနေရပ်ကွက်အမှတ်(VIP–၄)၊ ချယ်ရီ(၃)လမ်း၊ မြေကွက်အမှတ်(၄၀၅)ဟု ခေါ်တွင်သောအလျား(၆၀)ပေ x အနံ (၆၀)ပေ၊ ဧရိယာ(၃၆၀၀)စတုရန်းပေ၊ (၀.၀၈၃)ဧက အကျယ်အဝန်းရှိသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏မြေချပါမစ် အမည်ပေါက် ဦးစိုးလွင်(BQ–၀၀၁၆၉၁)ထံမှတစ်ဆင့် ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ ဦးကျော်ရစ်တူး[၇/ကဝန(နိုင်)၁၁၂၈၉၀]မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနောင်လတ်အောင်(LL.B) အထက်တန်းရှေ့နေ (စဉ်–၅၀၅၉၁)**
**အမှတ်(၂၈၁–ခ)၊ မလိခလမ်း၊ (၆/၁၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း–၀၉–၇၆၆၉၉၄၇၅၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊မြေကွက်အမှတ်(၇၀၁)၊ဘုရင့်နောင်လမ်း၊အကျယ်အဝန်း(၀. ၀၅၆ဧက)ရှိ ဦးခင်သန်း(PPN-၀၀၄၇၃၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အပါအဝင်အကျိုးခံစားခွင့်များအားအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးမျိုးသက်(၁၂/သဃက(နိုင်)၀၃၉၂၇၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၉-B)၊ မြေကွက်အမှတ်(၃၄၇)၊နတ်မောက်လမ်း၊အကျယ်အဝန်း(၀. ၀၅၅ဧက)ရှိ ဒေါ်မာလာသိန်း(၁၂/သဃက(နိုင်)၀၀၆၀၇၆)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်များအား SP-1155/2021 နှင့် အရောင်းအဝယ်စာချုပ်အရဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ပြုံးပြုံးမိုး(၁၂/ကမတ(နိုင်)၀၃၁၆၅၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် အနုပညာရှင်(၂) (ဂီတ) (လစာနှုန်း ကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) ရာထူး (၁၄)နေရာ လစ်လပ်လျက်ရှိရာ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၀–၁၁–၂၀၂၂)ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်၍ အအေးခန်းတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသူများသည် အမြဲတမ်းဝန်ထမ်းအဖြစ် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးနိုင်ရမည်။

(င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

(စ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အနည်းဆုံးပညာအရည်အချင်းသတ်မှတ်ချက်မှာ အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ပြီး တူရိယာတစ်မျိုးမျိုးကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးမှုတ်နိုင်ရမည်(သို့မဟုတ်)အဆိုပညာ တတ်ကျွမ်းရမည်။ String ကြိုးတပ်တူရိယာကို အခြေခံနားလည်တတ်ကျွမ်းသူ၊ Wood Wind လေမှုတ်တူရိယာကို အခြေခံနားလည် တတ်ကျွမ်းသူ၊ Brass Wind လေမှုတ်တူရိယာကို အခြေခံနားလည်တတ်ကျွမ်းသူ၊ Percussion ရိုက်နှိပ်တီးခတ်တူရိယာကို အခြေခံနှင့် နားလည်တတ်ကျွမ်းသူများကို ဦးစားပေးမည်။

၃။ အရည်အချင်းပြည့်မီသူများကို ရွေးချယ်ခန့်ထားရေးအတွက် အရည်အချင်းစစ်ဆေးရေးစာမေးပွဲရေးဖြေ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ)နှင့် လူတွေ့ကို နေပြည်တော်နှင့် ရန်ကုန်တို့တွင် ဖြေဆိုရမည်ဖြစ်ပြီး လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်–တပ်ကုန်းသို့ (၁၁–၁၂–၂၀၂၂)ရက်နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ (စာတိုက်မှသော်လည်းကောင်း၊ တိုက်ရိုက်ပို့၍သော်လည်းကောင်း နောက်ကျမှရောက်ရှိလာသော လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

(က) ကိုယ်ရေးရာဇဝင်အကျဉ်း (လက်ရှိနေထိုင်လျက်ရှိသည့် လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များထည့်သွင်းရန်)

(ခ) ဘွဲ့လက်မှတ်မိတ္တူ/ သတ်မှတ်ထားသည့် ပညာအရည်အချင်းမိတ္တူ

(ဂ) ဒီပလိုမာအောင်လက်မှတ်များရှိပါကမိတ္တူ

(ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(င) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၃)လ အတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

(စ) လိုင်စင်ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဇ) ဝင်ကြေးငွေကျပ် ၂၀၀၀ိ/–ပေးသွင်းသည့် ချလန်မူရင်း(သို့မဟုတ်) စာတိုက်ငွေပို့လွှာ (Money Order) ပြေစာမူရင်း

၄။ စာမေးပွဲဝင်ကြေးငွေ ကျပ် ၂၀၀၀ိ/–ကို မြန်မာ့စီးပွားရေးဘဏ်၊ တပ်ကုန်းမြို့ ငွေစာရင်းအမှတ်၊ အမ်ဒီ–၀၁၀၃၉၀ သို့လည်းကောင်း၊ ရန်ကုန်မြို့အတွက် မြန်မာ့စီးပွားရေးဘဏ်၊ ကမာရွတ် ငွေစာရင်းအမှတ်၊ အမ်ဒီ– ၀၁၀၆၆၉ သို့လည်းကောင်း၊ ကျန်ပြည်နယ်/တိုင်းဒေသကြီးများမှ လျှောက်လွှာများ ပေးပို့လိုပါက ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်– တပ်ကုန်းသို့ လိပ်မူ၍ သက်ဆိုင်ရာစာတိုက်(သို့) အမြန်ချောပို့များမှတစ်ဆင့် ဤဌာနသို့ ငွေပို့လွှာ (Money Order) ဖြင့် ပူးတွဲ၍လည်းကောင်း ပေးပို့ရပါမည်။

၅။ သတ်မှတ်ချက်ကိုက်ညီသည့် လျှောက်လွှာများအား စိစစ်၍ ရေးဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို သတင်းစာများမှ ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်–တပ်ကုန်း၊ တယ်လီဖုန်းအမှတ်–၀၆၇–၈၀၇၉၁၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၅၃၃)၊ တက္ကသိုလ်(၁)လမ်း၊ အကျယ်အဝန်း(၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(၂၀ x ၆၀)ပေ၊ အမှတ် (၅၃၃/ခ)၊ ဦးသိန်းဇော်(K/RGN–၀၂၈၁၃၈)အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မိတ္တူခြမ်း၊ မြေကွက်အမှတ်(၅၃၄)နှင့်ကပ်လျက်အခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား **အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၉၆၁/၂၀၂၂)**ဖြင့် ပိုင်ဆိုင်သူ ဦးကျော်ဆန်းထွန်း[၁၂/ဒဂမ(နိုင်)၀၁၂၇၁၂]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာလုံလောက်သော စာရွက်စာတမ်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖွေးဥ(ခ) စုစန္ဒီ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်မြနှင်းအေး(LL.B)** | **ဒေါ်ဒေဝီ(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၂၇၃၄)** | **အထက်တန်းရှေ့နေ(စဉ်–၅၃၄၃၁)** |
| **အမှတ်(၄၄၃)၊ ရွှေဖီခိုင်ညှာလမ်း၊** | **အမှတ်(၉၁၄)၊ ရေသန့်လမ်း၊** |
| **(၄၁)ရပ်ကွက်၊** | **(၁၃၁)ရပ်ကွက်** |
| **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။** | **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။** |
| **ဖုန်း–၀၉–၂၅၄၄၁၈၂၂၄** | **ဖုန်း–၀၉–၇၉၃၀၆၀၅၀၈** |

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊
## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## Diploma in International Relations(DIR)သင်တန်းအမှတ်စဉ်(၂) သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနတွင် Diploma in International Relations(DIR) သင်တန်းအမှတ်စဉ်(၂)သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းကိုတစ်ပတ်လျှင် (၅)ရက်(တနင်္လာနေ့မှ သောကြာနေ့အထိ) နံနက် (၇:၀၀)နာရီမှ(၉:၀၀)နာရီအထိ သင်တန်းကာလ (၉) လဖြစ်ပြီး Semester ၂ ခု ပို့ချပါမည်။

၃။ သင်တန်းကြေးမှာ Semester ၁ ခုလျှင် ကျပ် ၅၀၀၀၀၀/ ဖြစ်ပြီး Semester ၂ ခုအတွက် ကျပ် ၁၀၀၀၀၀၀/ ဖြစ်ပါသည်။

၄။ သင်တန်းဝင်ခွင့်အတွက်လိုအပ်ချက်များမှာ–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်က အသိမှတ်ပြုထားသော ဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။

၅။ သင်တန်းဝင်ခွင့်လျှောက်လွှာကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့မှ ဒီဇင်ဘာလ(၉)ရက်နေ့အထိ တင်သွင်းကြရပါမည်။ သင်တန်းဝင်ခွင့်အတွက်စာမေးပွဲကို (၁၂–၁၂–၂၀၂၂)ရက်နေ့တွင် ရေးဖြေ ဖြေဆိုရမည်။ ရေးဖြေအောင်မြင်သူများကိုသာ နှုတ်မေး ဆက်လက်စစ်ဆေးမည်ဖြစ်ပါသည်။ နှုတ်ဖြေစစ်ဆေးမည့်ရက်အား ထပ်မံကြေညာပါမည်။

၆။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၄)ပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူကို ပူးတွဲတင်ပြရမည်။

၇။ သင်တန်းဝင်ခွင့်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မော်ကွန်းထိန်းရုံးခန်း၊ (စာမေးပွဲဌာန/ကျောင်းသားရေးရာဌာန)တွင်လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(ဖုန်း–၀၉–၄၄၂၂၅၃၈၁၂၊ ၀၉–၉၇၆၅၃၅၆၅၆)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ(၁၀)လမ်းအရှေ့၊ အမှတ်(၄၁၉)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးရန်နိုင်ထွန်း[၁၂/သကတ(နိုင်)၁၅၅၇၉၃]၏ ဇနီးဖြစ်သူ ဒေါ်ခင်ကျော့ကျော့အောင်(ဘ) ဦးကျော်မင်း[၁၂/ဒပန(နိုင်)၀၄၆၈၉၄]၊ အသက်(၃၅)နှစ်သည် (၂၁–၁၁–၂၀၂၂)ရက်နေ့တွင် နေအိမ်မှထွက်ခွာသွားပြီး ပြန်လည်ရောက်ရှိလာခြင်းမရှိပါသဖြင့် သက်ဆိုင်ရာရဲစခန်းတွင် လူပျောက်အမှတ်စဉ်(၃/၂၀၂၂)အရ (၂၆–၁၁–၂၀၂၂)အမှုဖွင့်ထားပြီးဖြစ်ပါသည်။ သို့ပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်းလက်ခံထားရှိပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်သက်ဦး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၂၄၄၀၈/၂၀၀၅)**
**ဖုန်း–၀၉–၄၄၄၄၆၀၆၁၆**

## "အများသိစေရန် ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ (၂)ရပ်ကွက်၊ နောင်ရိုး(၂)လမ်း၊ အမှတ်–ဘီ–၅/၄၄၇ လိပ်စာပါ ပေ ၄၀ x ပေ ၆၀မြေနှင့် အိမ်အား မှတ်ပုံတင်အမှတ်[၁၂/မဘန(နိုင်)၁၁၂၁၉၅]ကိုင်ဆောင်သူ ဒေါ်ပန်းအိဖြူမှ(၂–၃–၂၀၀၇)ရက်နေ့မှစ၍ ဝယ်ယူလက်ရှိထား ပိုင်ဆိုင်လျက်ရှိသည်မှာ ယနေ့အထိဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါလိပ်စာရှိ နေအိမ်နှင့်မြေအား၊ လက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်ပန်းအိဖြူ၏ ခွင့်ပြုချက်မရဘဲ မည်သူမှ တစ်ဆင့်ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ပါရန် လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေနိုင်ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဦးဇော်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၂၀)**
**အမှတ်–၃၃၃(က)၊ ကျောက်စိမ်းလမ်း၊ ၅/၈ ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။**
**ဖုန်း–၀၉–၄၅၀၈၈၆၃၅၃**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

